မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ် (၃၀၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ယနေ့အချိန်အခါသည် အငြင်းပွားမှုများ၊ သံသယစိတ်များ၊ ဆန့်ကျင်မှုများ၊ မာနနှင့် အာဃာတ တိမ်သလ္လာများပုံးပြီး အမျိုးသားရေးစွမ်းအား အချည်းနှီးဆုတ်ယုတ်ကုန်ခန်းရမည့်အစား ရိုးသားမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အပြုသဘောစွမ်းအားကို မြှင့်တင်ပေးရမည့်ကာလဖြစ်

တစ်မျိုးသားလုံးစိတ်ဝမ်းမကွဲဘဲ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးကြိုးပမ်း ပြည်ထောင်စုကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဇဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁

ပြည်သူများ လိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီကို လျှောက်လှမ်းရမည့် အမျိုးသားရေးလမ်းကြောင်းသည်လည်း မိမိတို့ ရှေ့မှောက်မှာ ဖြောင့်ဖြောင့်ဖြူးဖြူး ပေါ်လွင်နေပြီဖြစ်သည့်အတွက် ဒီအမျိုးသားရေးလမ်းကြောင်းတစ်လျှောက် တွေ့ရှိလာမည့် ရန်ဆူးရန်ငြောင့် ခလုတ်ကန်သင်းများကို ပြည်သူများ၏ အပြုသဘောစွမ်းအားဖြင့် တွန်းလှန်ဖယ်ရှားရင်း ရည်မှန်းချက်ပန်းတိုင်ရောက်သည်အထိ ညီညီညွတ်ညွတ် ဖြောင့်ဖြောင့်မတ်မတ် ဆက်လက်လျှောက်လှမ်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

မျိုးချစ်စိတ်ဓာတ်စွမ်းအား ပိုမိုခိုင်မာလာစေမည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

မြန်မာနိုင်ငံသည် ရှေးခေတ်ကတည်းကပင် ယဉ်ကျေးမှုမြင့်မားပြီး လူဦးရေများသည့် အိမ်နီးချင်းနိုင်ငံကြီးများနှင့် တန်းတူရည်တူ ရင်းနှီးစွာကူးလူးဆက်ဆံခဲ့သကဲ့သို့ တစ်ဖက်တွင်လည်း ကိုယ့်မင်းကိုယ့်ချင်း ကိုယ်ပိုင်နိုင်ငံ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေတို့ကိုထူထောင်ကာ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများဖြင့် ရပ်တည်နေထိုင်ခဲ့သော အစဉ်အလာရှိသည့် နိုင်ငံဖြစ်သည်။

ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံအများစုသည် မိမိတို့၏ အမျိုးသားရိုးရာယဉ်ကျေးမှုများ ယိုယွင်းပျက်စီးပျောက်ကွယ်မသွားရန် ကြိုးစားထိန်းသိမ်းနေကြရသည်။

ယဉ်ကျေးမှုနယ်ပယ်၌ ရိုးရာအစဉ်အလာ ထိန်းသိမ်းမှုလုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းတို့ကို ဟန်ချက်ညီညီ လုပ်ကိုင်နိုင်စွမ်းရှိကြရန် လိုအပ်ပေသည်။ ထိုကဲ့သို့ လုပ်ကိုင်နိုင်စွမ်းရှိရေးအတွက် ပြည်သူ တစ်ရပ်လုံး မျိုးချစ်စိတ်ဓာတ် အားကောင်းနေရန်နှင့် စည်းလုံးညီညွတ်မှုအင်အား တောင့်တင်းခိုင်မာ နေရန် အရေးကြီးပေသည်။ တစ်နည်းအားဖြင့် အမျိုးသားရေး ကိုယ်ခံစွမ်းအားကောင်းနေရန် လိုအပ်ပေသည်။

တိုင်းရင်းသားပြည်သူများ ဇာတိသွေး ဇာတိမာန်မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး စသည့်ပြည်သူများ၏ စိတ်ဓာတ်ရေးရာအခြေခံများ ရင့်သန်ခိုင်မာမြင့်မားစေရေးအတွက် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာစွမ်းအားတို့ဖြင့် စေ့ဆော်စည်းရုံးမြှင့်တင်ပေးကြရမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည် နှစ်ပေါင်းထောင်ချီ ရှည်ကြာခဲ့ပြီး သမိုင်းစဉ်ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ကာ အနုပညာအဆီအနှစ်များ စုစည်းရင့်ကျက်နေပြီဖြစ်သည်။ မြန်မာ့အနုပညာရပ်များသည် မြန်မာ့သဘာဝ၊ မြန်မာ့ဓလေ့စရိုက်ကို ပြောင်မြောက်ပီပြင်စွာ ထင်ဟပ်ဖော်ကျူးနိုင်သည့် အဆင့်အတန်းမြင့်မားသော ပညာရပ်များ ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင်စသည့် အနုပညာရပ်များ အရှည်တည်တံ့စေပြီး ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံး၌ အခြေခိုင်မာပြန့်ပွားရေး၊ အနုပညာရှင် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ရှင်သန်ရေးစသည့် ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် ၁၉၉၃ ခုနှစ်မှ စတင်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်အတွက် (၁၄)ကြိမ်မြောက် ပြိုင်ပွဲကြီးကို နေပြည်တော်၌ ပထမဆုံးကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၌ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ ထို့အတူ အမျိုးသားယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများကို ချစ်ခင်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်လာခြင်းအားဖြင့် တူညီသည့်စိတ်ဓာတ်များ၊ ညီမျှသည့်စိတ်ဓာတ်များ၊ ညီညွတ်သည့် ရပ်တည်မှုများ ဖြစ်ထွန်းလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ် စွမ်းအား ပိုမိုခိုင်မာလာမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အင်းစိန်စက်ခေါင်းစက်ရုံမှ ပြုပြင်ထားသော မီးရထားစက်ခေါင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

မြဝတီရုပ်မြင်သံကြား

၁-၈-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ ပညာခေတ်
၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၅၁)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၂၁)

ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေး သုံးနှစ်စီမံကိန်းချဆောင်ရွက် ခေါင်းတွဲနှင့်လူစီးတွဲများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေးကြိုးပမ်း

ရန်ကုန် ဇူလိုင် ၃၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့နံနက်ပိုင်းက အင်းစိန်စက်ခေါင်းစက်ရုံမှ ပြုပြင်ထားသော မီးရထားစက်ခေါင်းစမ်းသပ်ပြေးဆွဲမှုနှင့် မြစ်ငယ်တွဲပြင်စက်ရုံမှ ပြုပြင်ထားသော မီးရထားတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် အင်းစိန်စက်ခေါင်းစက်ရုံမှ ပြုပြင်ထားသော မီးရထား စက်ခေါင်းအား ရန်ကုန်ဘူတာကြီးစင်္ကြံအမှတ်(၁)မှ ရန်ကုန်-မန္တလေး အမှတ်(၁၁)အဆန်ရထား၌ တပ်ဆင်ပြေးဆွဲမှုကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးရာ ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် စက်ခေါင်းအမှတ်(DD-၁၀၀၁)ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသူရဦးသောင်းလွင်နှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေတို့က အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ယင်းမီးရထားစက်ခေါင်းဖြင့် ရန်ကုန်ဘူတာကြီးမှ တိုးကြောင်ကလေးဘူတာအထိ လိုက်ပါစီးနင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် နံနက် ၇ နာရီတွင် ရန်ကုန်ဘူတာကြီးအမှတ်(၁)စင်္ကြံ၌ ရပ်နားထားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးအပ်သည့် လူစီးရထားတွဲများကို ပြေးဆွဲရန် ပြုပြင်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ စက်ရုံမှူးအထွေထွေမန်နေဂျာ ဦးထွန်းဦးက မီးရထားတွဲများကို ခရီးစဉ်၌ ပြေးဆွဲရန်အတွက် ပြုပြင်ပြင်ဆင်မှုများ၊ စက်ခေါင်းနှင့်ချိတ်ဆက်နိုင်အောင် ပြုပြင်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက သန့်စင်ခန်းနှင့် ထိုင်ခုံများ၌ပြုပြင်ရန် လိုအပ်သည်များကို မှာကြားသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် အရေးကြီးပုဂ္ဂိုလ်နားနေခန်း၌ ဝန်ကြီးအား လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ စက်ရုံမှူးအထွေထွေမန်နေဂျာ ဦးထွန်းဦးက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးအပ်သည့် လူစီးမီးရထားတွဲများရရှိမှု၊ တွဲပိုင်းဆိုင်ရာ အပေါ်ထည်ပြုပြင်မှု၊ ဘိုဂီ(Bogie)နှင့် ကိုယ်ထည်အောက်ပိုင်း ပြုပြင်မှု၊ အခြားပြုပြင်မှုများနှင့် မြစ်ငယ်စက်ရုံမှ ဆက်လက် ဆောင်ရွက်လိုသည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ အင်းစိန်စက်ခေါင်းစက်ရုံမှ ဒုတိယအထွေထွေမန်နေဂျာ ဦးစောဗယ်လင်တိုင်းက ဂျပန်နိုင်ငံလုပ် မြင်းကောင်ရေ(၁၁၀၀)အင်ဂျင်နှစ်လုံးတပ်ဆင်ထားသည့် မူလစက်ခေါင်း အမျိုးအစား (DD-၅၁-၁၀၇၀)ကို မြင်းကောင်ရေ(၁၁၀၀)အင်ဂျင်တစ်လုံးစီတပ် စက်ခေါင်းအသစ်နှစ်လုံးရရှိအောင် ပြုပြင်တည်ဆောက်မှုများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက မြန်မာ့မီးရထား၏ အဆင့်အတန်းမြင့်မား တိုးတက်အောင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာ့မီးရထားအနေနှင့် မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ ခရီးစဉ်အသစ်များ တိုးချဲ့ပြေးဆွဲခြင်း၊ စက်ခေါင်းများထပ်မံတိုးပွားအောင် ဆောင်ရွက်ခြင်း၊ ရထားတွဲများ ပြုပြင်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ မကြာမီ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးအတွက် သုံးနှစ်စီမံကိန်းချ၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ခေါင်းတွဲနှင့်လူစီးတွဲများ ပြုပြင်တည်ဆောက်သည့်အဆင့်မှ စက်ခေါင်းနှင့် လူစီးတွဲများ ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် အဆင့်အထိ တိုးတက်ကြိုးပမ်း ဆောင်ရွက်သွားရ မည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စက်ခေါင်းဖြင့် စက်ရုံ၌ အသစ်တီထွင် ထုတ်လုပ်သည့် ဌာနကို သီးခြားဖွဲ့စည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရထားတွဲများ ပြုပြင်တည်ဆောက်ရာတွင် အပြင်ပိုင်းလှပအောင် ဆောင်ရွက်ရန် လိုသကဲ့သို့ အတွင်းပိုင်းကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

● *ကျောဖုံးမှ*

ထို့နောက် ရှင်းလင်းဆောင်၌ မကွေးတိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် ပခုက္ကူမြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးကြည်တင်တို့က မြကန်သာ အပန်းဖြေဥယျာဉ်၏ နောက်ခံသမိုင်းနှင့် ဥယျာဉ်ကို အဆင့်မြှင့်တင် ပြုပြင်မွမ်းမံထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဥယျာဉ်ကို ပိုမိုစည်ပင်ဖွံ့ဖြိုးလာအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့များသည် ဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ကလေးကစားကွင်း၊ စကိတ်စီးကွင်း၊ ဂေါက်သီးရိုက်ကွင်း၊ ရေပန်းများနှင့် ထန်းလုံးမျှော်စင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ် ဦးဝဏ္ဏကျော်က သင်တန်းကျောင်းအတွင်း လိုက်လံ ပြသရှင်းလင်းတင်ပြသည်။

ယင်းနောက် သင်တန်းခန်းမ၌ သင်တန်းသားများက ကြိုဆိုနှုတ်ဆက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းသားများအား ပညာတတ်များဖြစ်အောင် ကြိုးစားသင်ယူပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ ကျောင်းပတ်ဝန်းကျင်၌ ရာသီသီးနှံနှင့်နှစ်ရှည်သီးနှံများ စိုက်ပျိုးရေး မှာကြားကာသင်တန်းကျောင်းအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

လိုက်လံပြသ

ဆက်လက်၍အမျိုးသမီးအိမ်တွင်းမှုနှင့် အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဒေါ်အေးအေးသောင်းက သင်တန်း၌ သင်တန်းသူ ၅၀ တက်ရောက်သင်ကြားလျက်ရှိပြီး အခြေခံစက်ချုပ်သင်တန်း၌သင်တန်းသူများ လက်တွေ့စက်ချုပ်နေကြသည်ကိုလည်းကောင်း၊ သင်တန်းသူများ ချုပ်လုပ်ထုတ်လုပ်သော အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း လိုက်လံပြသရှင်းလင်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူတက္ကသိုလ်သို့သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် ဦးစိုးမြင့်၊ ဒုတိယပါမောက္ခချုပ် ဦးမောင်မောင်မြင့်တို့က ကြိုဆိုကြပြီး အသစ်တည်ဆောက်ပြီးစီး၍ အသုံးပြုနေပြီဖြစ်သည့် တက္ကသိုလ် ပင်မအဆောက်အအုံအတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ် ဦးစိုးမြင့်က တက္ကသိုလ်၏ သင်ကြား၊ စီမံဆိုင်ရာအချက်အလက်များကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

သီးထပ်၊ သီးညှပ်စိုက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူ-မြိုင်ကားလမ်း မိုင်တိုင်အမှတ်(၉/၄)အနီးရှိ ပခုက္ကူမြို့နယ် ကိုင်းကျေးရွာအုပ်စုရှိ ပဲတီစိမ်းစံပြ ၅၈ဧကစိုက်ခင်းသို့ ရောက်ရှိကြရာ ပခုက္ကူမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးလှဆောင်နှင့် ပဲတီစိမ်းစိုက်တောင်သူ ဦးတင်အုန်းတို့က ပဲတီစိမ်းစိုက်ခင်း၌ တစ်ဧကလျှင် အပင် ၈၇၀၀၀ နှုန်း စိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ယခုနှစ် မိုးကောင်းသဖြင့် သီးနှံထွက်စွမ်းအား ကောင်းမွန်မည်ဖြစ်ရာ သီးနှံများကို သီးထပ်၊ သီးညှပ် စိုက်ပျိုး၍ ဝင်ငွေ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် မိုင်တိုင်အမှတ်(၁၄/၆)အနီး မြိုင်မြို့နယ် မန်ကျည်းကျေးရွာအုပ်စု မိုးမြေပဲစံပြဧက ၅၀ စိုက်ခင်းသို့ သွားရောက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စိုက်ခင်း၌ ပဲစင်းငုံသီးနှံကို သီးညှပ်စိုက်ပျိုးရန်နှင့် ပိုမို အကျိုးဖြစ်ထွန်းစေသည့် သီးနှံများကို စမ်းသပ်ရှာဖွေစိုက်ပျိုးကြရန် မှာကြားပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် မြိုင်မြို့နယ် သစ်ကြီးတောရွာအနီးရှိ သစ်ကြီးတောဆည်သို့ ရောက်ရှိကြပြီး ဆည်အတွင်းရေဝင်ရောက်မှု အခြေအနေများနှင့် ဒေသသီးနှံများဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မြိုင်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှုနှင့် အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

အားပေးဟောပြော

ထို့နောက် မြိုင်မြို့ရှိ (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာမြင့်သိန်းဦးက ခွဲစိတ်ခန်းကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူးတို့က ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား အားပေးစကားပြောကြားကြပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ထိုမှတစ်ဆင့် မြိုင်မြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်သို့ ကြည့်ရှုစစ်ဆေးပြီး မြိုင်မြို့ရှိ နံ့သာမြိုင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအားတွေ့ဆုံရာ ရှေးဦးစွာ မြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်သန်းက မြို့နယ်ဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်သည် ယခင်က မိုးရွာသွန်းမှုနည်းပါးပြီး ပူပြင်းခြောက်သွေ့ကာ စပါးစိုက်ပျိုးမှုအားနည်းခဲ့သဖြင့် ဒေသဆန်ဖူလုံမှုမရှိခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမား၍ စေတနာထားရှိမှုကြောင့် ခရိုင်အတွင်း၌ ဆည်မြောင်းတာတမံများ၊ ရေတင်စီမံကိန်းများ၊ ရေလွှဲဆည်များ တည်ဆောက်ပေးခဲ့ပြီး ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စပါးစိုက်ဧကများလည်း တိုးတက်လာပြီဖြစ်ကြောင်း၊ သို့ရာတွင် ဒေသအတွင်း၌ စပါးစိုက်ဧက တိုးချဲ့နိုင်သည့် အလားအလာကောင်းများ ရှိသေးသဖြင့် မိမိဒေသဆန်ဖူလုံအောင် စပါးစိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်များရှာဖွေကာ ကျေးလက် ဆည်တမံနှင့် ကန်ငယ်များရှာဖွေ တည်ဆောက်ရန် လိုအပ်ကြောင်း၊ ဒေသသီးနှံများကိုလည်း တစ်သီးမှ နှစ်သီးစိုက်ပျိုး၍ သီးညှပ်စိုက်ပျိုးခြင်းဖြင့် သီးနှံထွက်စွမ်းအားမြင့်မားကာ ဒေသခံပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဆက်တည်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မျှော်မှန်းစိုက်ပျိုး

ထို့အပြင် ရာသီစိုက်သီးနှံများသာမက နှစ်ရှည် သီးနှံများကိုလည်း ရေရှည်အကျိုးစီးပွားအတွက် မျှော်မှန်းစိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ ဒေသရာသီဥတု၊ မြေအနေအထားနှင့် ကိုက်ညီသော နှစ်ရှည်သီးနှံများကို ဌာနဆိုင်ရာ ရုံးဝန်းများ၊ လူနေအိမ် ဝန်းခြံများ အပါအဝင် မြေလွတ်မြေလပ်များ၌ စိုက်ပျိုးကြရန်ဖြစ်ကြောင်း။

ခြံစည်းရိုးကြက်ဆူပင်များကို စီမံချက်နှင့်အညီ ပြည့်မီအောင်စိုက်ပျိုးရာတွင် အခြားသီးနှံစိုက်ပျိုးခြင်းမပြုနိုင်သော နေရာများကိုရှာဖွေ၍ စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း၊ ဒေသစိမ်းလန်းစိုပြည်မှုကို မထိပါးစေရန် သစ်ပင်၊ သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြိုင်မြို့နယ်ပညာရေးမှူး ဒေါ်ရွှေပေါ်ထံ မြို့နယ်ရှိကျောင်းများအတွက် ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြိုင်-ကမ္မ ကားလမ်း မြိုင်မြို့နယ် တွင်းမကျေးရွာအနီး၌ တွင်းမတမံမှ အရှည်ပေ ၁၀၀၀၀ရှိ လက်တံမြောင်းအမှတ်(၈) ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ မြိုင်-ကမ္မ-ပခုက္ကူကားလမ်း မိုင်တိုင်အမှတ်(၁၆/၄) အနီး မြိုင်မြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင်၇၆ ဧကကို သဲချောင်းချောက်အတွင်းတစ်ဆက်တစ်စပ်တည်းစိုက်ခင်းသို့ သွားရောက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင်စိုက်ကွင်းအား ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် မြိုင်-ကမ္မကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး မြိုင်မြို့နယ် နယ်နိမိတ်အဆုံး ပခုက္ကူမြို့နယ် အင်းဘတ်ကျေးရွာရှိ အင်းဘတ်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အင်းဘတ်ရေလှောင်တမံ၏ တမံတာပေါင်တစ်လျှောက်နှင့် ရေထိန်းမျှော်စင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အင်းဘတ်ရေလှောင်တမံသည် ပခုက္ကူမြို့နယ် အင်းဘတ်ကျေးရွာအနီးရှိ ရေလာချောင်းပေါ်တွင် တည်ဆောက်ထားသည့် မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ၃၆၅၀၊ အမြင့် ၄၃ပေရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ၁၁၄၀ရှိပြီး ဆည်ရေသောက်လယ်မြေဧက၁၅၀ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။ ဆည်ရေကို သံကူကွန်ကရစ်နှစ်ပေပတ်လည် ရေထုတ်ပြွန် အရှည်၁၃၂ပေဖြင့် အရှည်ပေ၁၅၀၀ကို တူးမြောင်းမကြီးမှ တစ်ဆင့် ဆည်ရေပေးဝေမည်ဖြစ်ပြီး ယခုအခါ ဆည်တည်ဆောက်မှု လုပ်ငန်းအားလုံး ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိုင်မြို့နယ် တွင်းမကျေးရွာအနီးရှိ တွင်းမ ရေလှောင်တမံစီမံကိန်းသို့ သွားရောက်ကြရာ ရှင်းလင်းဆောင်တွင် မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဒေါင်းနှင့် တာဝန်ရှိသူများက တွင်းမရေလှောင်တမံတည်ဆောက်ထားရှိမှုနှင့် ဆည်ရေစုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆည်တွင်ရေဝင်ရောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆည်ဝင်လမ်းများနှင့် အင်းဘတ်ရေလှောင်တမံနှင့် တွင်းမရေလှောင်တမံတို့ ဆက်သွယ်ထားသောလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ထားရှိရေး၊ တမံအတွင်း ရေဝင်ရောက်စုဆောင်းရရှိသည်နှင့်အမျှ စပါးစိုက်ပျိုးရန် ရေပေးဝေရေးတို့ကို ဆောင်ရွက်ရန် မှာကြားပြီး မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာ၍ လမ်းတစ်လျှောက်ရှိ ဆည်ရေသောက်စပါးစိုက် လယ်မြေများ၌ မိုးစပါးများဖြစ်ထွန်းအောင်မြင်နေမှု၊ မြေယာထွန်ယက်ပြီးစီးမှု၊ ဒေသသီးနှံဖြစ်သော ပဲအမျိုးမျိုးနှင့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပေါက်-ကမ္မ-ပခုက္ကူ ကားလမ်း မိုင်တိုင်အမှတ် ၈/၃ နှင့် ၈/၄ တို့အကြား၌ ကျင်းပသည့် ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ခြံစည်းရိုးကြက်ဆူပင် ၁၅ ဧကကို စုပေါင်း၍ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ပခုက္ကူမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရဋ္ဌသာရ အမှူးရှိသော စာချစာသင် သံဃာတော်အပါး ၂၅၀ တို့အား ဝါဆိုသင်္ကန်းကပ်လှူခြင်း အခမ်းအနားကို ဇူလိုင် ၂၀ ရက်က အဆိုပါကျောင်းတိုက်ကြီး၌ကျင်းပရာ ဆရာတော်ထံ ဦးမောင်မောင် (ဥက္ကဋ္ဌ-အာရှအိတ်စ်ပရက်) နှင့် ဦးထွန်းရွှေ (ထွန်းရွှေဝါ တိုင်းရင်းဆေး) မိသားစုတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော် ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃ လမ်း မှတ်တိုင်အနီး) တွင် ၇၁ ဌာနာလမ်း အလုံမြို့နယ် ရန်ကုန်နေ ဘွားဘွားဒေါ်ဒေါ်အုန်းအား အမှူး ထား ၍ ဒေါ်ရှုကြည်နှင့် သားသမီးမြေးတစ်စု၊ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးသက်ထွန်း- ဒေါ်ဥမ္မာအောင် မိသားစုက ဒေါ်ဥမ္မာအောင်၏ မွေးနေ့အလှူအဖြစ် အလှူငွေကျပ် နှစ်သိန်းကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပနားမားတွင် လက်နက်စက်ရုံတည်ဆောက်မည်

ကာရာကတ် ဇူလိုင် ၃၁

ဘိုလီးဗီးယားနှင့် အခြားမဟာမိတ်နိုင်ငံများသို့ လက်နက်များတင်ပို့ရောင်းချရန်အတွက် ဗင်နီဇွဲလားနိုင်ငံ အနောက်ပိုင်းတွင် ကလာရှနီကော့ဗ်လက်နက်စက်ရုံကိုတည်ဆောက်သွားရန် စီစဉ်နေကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဇူလိုင် ၂၉ ရက်၌ ပြောကြားလိုက်သည်။

အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်သော ကာတာနိုင်ငံသို့ အလည်အပတ်ခရီး ထွက် နေသော ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် ဘိုလီးဗီးယားနိုင်ငံသို့ ဗင်နီဇွဲလားက လက်နက်များ တင်ပို့ထောက်ပံ့နေမှုကို ရပ်ဆိုင်းရန် ခြိမ်းခြောက်မှုအား အာခံသည့်အနေဖြင့် ကာတာနိုင်ငံသို့ ရောက်ရှိစဉ် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ဆက်လက်တင်ပို့

ကာကွယ်ရေးချိန်ခွင်လျှာ ညီမျှနေစေရန်အတွက် ဘိုလီးဗီးယားနှင့် အခြားမိတ်ဆွေနိုင်ငံများကို မိမိအနေဖြင့် လက်နက်များ ဆက်လက်တင်ပို့ထောက်ပံ့ပေးနေမည်သာဖြစ်ကြောင်း သမ္မတ ဟူဂိုချာဗက်ဇ်က ပြောကြားသည်။

စာချုပ်ချုပ်ဆို

အနာဂတ်ကာလ၌ ဗင်နီဇွဲလားနိုင်ငံသည် လက်နက်တင်ပို့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည် ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ သမ္မတချာဗက်ဇ်သည် အရှေ့အလယ်ပိုင်းသို့ ခရီးမထွက်ခွာမီ ရုရှားနိုင်ငံ မော်စကိုမြို့၌ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံကာ ရုရှားမှ SU-၃၀ ဂျက်တိုက်လေယာဉ် ၂၄စင်းနှင့် ရုရှားလုပ်ရဟတ်ယာဉ် ၅၃ စင်းကို ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့သည်။

ထို့အတူ ဗင်နီဇွဲလားနိုင်ငံတွင် ရိုင်ဖယ်လက်နက်နှင့်ခဲယမ်းမီးကျောက် စက်ရုံတည်ဆောက်ရေးအတွက်လည်း ရုရှားသမ္မတ ပူတင်နှင့် လက်မှတ်ရေးထိုးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

လာအို၌ ကြက်ငှက်တုပ်ကွေး ဖြစ်ပွား ကြက်ကောင်ရေ ၂၀၀၀ သုတ်သင်ခဲ့

ဗန်ကောက် ဇူလိုင် ၃၁

ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှုကြောင့် လာအိုနိုင်ငံ မဲခေါင်မြစ် အနီး၌ ကြက်ကောင်ရေ ၂၀၀၀ကို သုတ်သင်ခဲ့ကြောင်း လာအိုအစိုးရနှင့် အက်ဖ်အေအို၏ ပြောကြားချက်ကို ထိုင်းမီဒီယာက ကိုးကားဖော်ပြသည်။

သုတ်သင်ရှင်းလင်း

ဗီယက်နမ်နိုင်ငံတောင်ဘက် ၂၅ကီလိုမီတာအကွာရှိ မွေးမြူရေးခြံတစ်ခုတွင်လည်း ငှက်ကောင်ရေ ၆၆၀၀ သုတ်သင်ရှင်းလင်းခဲ့ကြောင်း၊ ယင်း၏ ငါးကီလိုမီတာအတွင်း လေ့လာရေးဇုန်အဖြစ် ကြေညာထားကြောင်း၊ ယင်းဖြစ်ပွားမှုမှာ ထိုင်းမှ ထိုမြစ်ကို ကျော်ဖြတ်၍ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ တိဗက်ဒေသသို့ ခုတ်မောင်းသွားသော မီးရထား တစ်စင်းကို ဇူလိုင် ၃၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိဗက်သို့ ခရီးသွားများလာရောက်မှု မြင့်တက် ခြောက်လအတွင်း ဒေါ်လာ ၆၄ သန်းကျော်ရရှိ

လာဆာ ဇူလိုင် ၃၁

တိဗက်ဒေသသို့ နေ့စဉ်ခရီးသွား ဧည့်သည်များ လာရောက်မှုသည် ဇူလိုင် ၁ ရက်မှ စတင်ကာ တစ်နေ့လျှင် ပျမ်းမျှ ၁၁၀၀ခန့် လာရောက်ခဲ့ကြကြောင်း၊ သမိုင်းဝင် တိဗက်ရထားလမ်း ဖောက်လုပ်ခဲ့ပြီးနောက်ပိုင်း ယခုကဲ့သို့ ခရီးသွားလာရောက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ခရီးသွားအရာရှိ တစ်ဦးက ပြောကြားသည်။

ယခု ဇူလိုင် ၂၀ရက်အထိ ခရီးသွားများ ရောက်ရှိမှုသည် စုစုပေါင်း ၃၀၁၀၀၀ ရှိခဲ့ရာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၅၀ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဆိုင်ရာ ခရီးသွားဗျူရို၏ ဒုတိယအကြီးအကဲ ကျန်ယိုက ပြောကြားသည်။

ထိုသို့ တိဗက်ဒေသသို့ လာရောက်သည့် ခရီးသွားအများစုသည် ရထားခရီးစဉ်ဖြင့် လာရောက်ကြရာ ခရီးသည်စုစုပေါင်း၏ ၁၇၂၀၀၀ ရှိပြီး ကုန်းလမ်းခရီးမှ လာရောက်သူများမှာ ၄၁၀၀၀ရှိကြောင်း သိရသည်။

ထိုသို့ခရီးသွားများ လာရောက်ခဲ့မှုကြောင့် ယခုနှစ် ဇန်နဝါရီမှ ဇွန်လအထိဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၅ သန်းခန့် ရရှိခဲ့ကြောင်း တိဗက်ဒေသ၏ တရားဝင် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အပစ်အခတ်ရပ်စဲထားရန် အဆိုပြုချက် အစ္စရေးပယ်ချ လက်ဘနွန်နိုင်ငံနှင့်ပြည်သူကိုတိုက်ခိုက်ခြင်းမဟုတ်ဟုဆို

ဂျေရုဆလင် ဇူလိုင် ၃၀

တိုက်ပွဲများ ခေတ္တရပ်နားထားစဉ်အတွင်း လက်ဘနွန်တောင်ပိုင်းရှိ သက်ကြီးရွယ်အိုများ၊ လူငယ်များနှင့် ဒဏ်ရာရရှိနေသူများကို ပြောင်းရွှေ့ပေးနိုင်ရန်နှင့် အရေးပေါ်အထောက်အပံ့ပစ္စည်းများ ပေးပို့နိုင်ရန် ကုလသမဂ္ဂက တောင်းဆိုထားသော တိုက်ပွဲများ၇၂ နာရီကြာ ခေတ္တရပ်ဆိုင်းထားရန် တောင်းဆိုမှုကို အစ္စရေးနိုင်ငံက ဇူလိုင် ၂၉ ရက်၌ ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းစာတွင်ဖော်ပြထားသည်။

လူသားချင်းစာနာသောအထောက်အပံ့ပစ္စည်းများ ပေးပို့နိုင်ရန်အတွက် အစ္စရေးနိုင်ငံအတွင်း အဝင်အထွက်လမ်းကြောင်းကို ဖွင့်ပေးထားသောကြောင့် ၇၂ နာရီကြာ အပစ်အခတ်ရပ်စဲရေးသည် မလိုအပ်ကြောင်း အစ္စရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အေဗီဖက်ဇ်နာက ပြောကြားသည်။

ပြောကြား

ထိုစဉ်အတွင်း လူသားချင်းစာနာသော အထောက်အပံ့ ပစ္စည်းများ လက်ဘနွန်နိုင်ငံအတွင်း ပေးပို့နိုင်ရန်အတွက် အဝင်အထွက်လမ်းဖွင့်ထားရန် ပြင်သစ်နိုင်ငံ၏ အဆိုပြုမှုကို ထောက်ခံကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး မီပီလစ်ဗ်နီက ပြောကြားလိုက်သည်။

တွေ့ဆုံမေးမြန်း

မိမိတို့သည် ပြင်သစ်နိုင်ငံ၏အဆိုပြုချက်ကို လက်ခံကြောင်း အဘယ်ကြောင့်ဆိုသော် မိမိတို့သည် လက်ဘနွန်နိုင်ငံအပေါ်၊ လက်ဘနွန်အစိုးရအပေါ်၊ လက်ဘနွန်ပြည်သူများအပေါ် စစ်ပွဲဆင်နွှဲနေခြင်း မဟုတ်ကြောင်း ပြင်သစ်နိုင်ငံ လီဖီဂါရိုသတင်းစာအဖွဲ့နှင့် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်စဉ် လီဗီက ပြောကြားသည်။

မိမိတို့သည် ဟစ်ဇ်ဘိုလာ ပြောက်ကျားများအပေါ် စစ်ပွဲဆင်နွှဲနေခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားလိုက်သည်။

တောင်းဆို

ဇူလိုင် ၂၈ ရက်က ကုလသမဂ္ဂ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်း ထောက်ပံ့မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးမှူး ဂျင်အီဂီလန့်သည် လက်ဘနွန်တောင်ပိုင်းရှိ ဒဏ်ရာရရှိနေသော လက်ဘနွန်ပြည်သူများအား ပြောင်းရွှေ့ပေးခြင်းနှင့် အရေးပေါ်အထောက်အပံ့ပစ္စည်းများ ပေးပို့ရာတွင်အထောက်အကူဖြစ်စေရန် ၇၂ နာရီ ကြာ အပစ်အခတ်ရပ်စဲထားရန်အတွက် တောင်းဆိုထားခဲ့သည်။

လက်ဘနွန်နိုင်ငံအတွင်းအစ္စရေးတို့ ဗုံးကြဲတိုက်ခိုက်မှုသည် ၁၈ရက်မြောက်နေ့သို့ ရောက်ရှိလာပြီ ဖြစ်သည်။

အစ္စရေး၏တိုက်ခိုက်မှုကြောင့် လက်ဘနွန်ပြည်သူ ၆၀၀ခန့် သေဆုံးခဲ့ရသည်။

သေဆုံးခဲ့

ယခု ပဋိပက္ခတွင် အစ္စရေးပြည်သူ ၁၈ဦးအပါအဝင် လူ၅၀ကျော် အစ္စရေးတို့ဘက်က သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

နျူကလီးယားဓာတ်အားပေးစက်ရုံ ရုရှားနိုင်ငံက ကာဇက်စတန်အတွက် တည်ဆောက်ပေးမည်

အယ်မာတီ ဇူလိုင် ၃၁

ရုရှားနိုင်ငံသည် ကာဇက်စတန်နိုင်ငံအတွက် မဂ္ဂါဝပ် ၃၀၀ စွမ်းအားရှိသော နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံ တည်ဆောက်ပေးမည် ဖြစ်ကြောင်း ကာဇက်စတန်အမျိုးသား နျူကလီးယားစွမ်းအင်ကုမ္ပဏီဖြစ်သည့်ကာဇက်အတွမ်ပရွမ်းက ဇူလိုင် ၂၈ ရက်၌ ပြောကြားလိုက်သည်။

လက်မှတ်ရေးထိုး

ယခုကဲ့သို့ သဘောတူစာချုပ်ကို ကာဇက်စတန်ဝန်ကြီးချုပ် ဒါနီယယ် အခမီတော့ဗ်နှင့် ရုရှားနျူကလီးယားစွမ်းအင်အကြီးအကဲ ဆာဂျီကီရီကိုတို့ ဇူလိုင် ၂၈ရက်၌ သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

ခွဲဝေကျခံ

ထို့အပြင် ကာဇက်စတန်နိုင်ငံတွင် ယူရေနီယံ သန့်စင်မှုလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရန်လည်း သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည်။ ယခုပြုလုပ်ရန်စီစဉ်ထားသည့် နျူကလီးယား ဓာတ်အားပေးစက်ရုံကို တည်ဆောက်ရန် ကာဇက်စတန်နှင့် ရုရှားတို့ ၅၀ ရာခိုင်နှုန်းစီ ခွဲဝေကျခံကြမည်ဖြစ်သည်။

ကာဇက်စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထအကြီးမားဆုံးယူရေနီယံထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ယူရေနီယံ၏ ၃၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်ရေနံစိမ်း ပိုမိုတင်ပို့မည်

ဟန္ဓိုင်း ဇူလိုင် ၃၁

ဗီယက်နမ်နိုင်ငံ၏ ရေနံစိမ်း တင်ပို့မှုသည် ယခုနှစ် ပထမခုနှစ်လတွင် တင်ပို့မှု ပမာဏ ၅ဒသမ၈ရာခိုင်နှုန်း လျော့ကျသော်လည်း နှစ်ချင်း အလိုက် ၂၂ဒသမ၄ရာခိုင်နှုန်း တိုးတက်ရန် ခန့်မှန်းထားသည်။

ဇန်နဝါရီလမှ ဇူလိုင်လအထိ ဗီယက်နမ်နိုင်ငံ၏ ရေနံစိမ်း တင်ပို့ရောင်းချမှုသည် တန်ချိန် ၉ဒသမ ၆သန်းရှိခဲ့ရာ အမေရိကန်ဒေါ်လာ ၄ဒသမ၉ဘီလီယံ ရရှိခဲ့ကြောင်း အများစုမှာ တရုတ်၊ စင်ကာပူ၊ ဂျပန်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ခဲ့ကြောင်း ဗီယက်နမ် ဗဟိုစာရင်းအင်းဌာနက ဇူလိုင် ၂၈ရက်၌ ဖော်ပြသည်။

ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာန၏ မူကြမ်းအရ ၂၀၀၆-၂၀၁၀ ကာလတွင် ရေနံစိမ်း တင်ပို့မှု ဖွံ့ဖြိုးရေး စီမံကိန်းတစ်ရပ် ချမှတ်ဆောင်ရွက်နေရာ ၂၀၀၈ခုနှစ်မှစပြီး ရေနံစိမ်းနှင့်ကျောက်မီးသွေးကဲ့သို့သော စွမ်းအင်များ ပိုမိုတင်ပို့ လိမ့်မည်ဖြစ်ကြောင်း သန့်စင်ပြီး ရေနံများ၊ လျှပ်စစ်နှင့် ဘိလပ်မြေကဲ့သို့သော စက်မှုထုတ်ကုန်များ ပိုမိုထုတ်လုပ်မည်ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနမှ သွင်းကုန်ထုတ်ကုန် ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြိုကျပျက်စီး

အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံရှိ အဆောက်အအုံများ ပြိုကျပျက်စီးနေသည်ကို ဇူလိုင် ၃၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်အာဖရိကနိုင်ငံ၌ အာကာသအေဂျင်စီထူထောင်

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၃၁

တောင်အာဖရိက အာကာသအေဂျင်စီထူထောင်မှုကို တောင်အာဖရိက အစိုးရက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း တောင်အာဖရိကအစိုးရ ဆက်သွယ်ရေးလုပ်ငန်းက ဇူလိုင် ၂၈ရက်၌ ပြောကြားသည်။

တောင်အာဖရိက အမျိုးသားအာကာသသိပ္ပံနှင့် နည်းပညာအစီအစဉ် ညှိနှိုင်းရေးဆိုင်ရာ အဆောက်အအုံတစ်ခုကို အဆိုပါ အေဂျင်စီကပြုလုပ်သွားမည်ဖြစ်သည်။

နိုင်ငံသားအားလုံးအတွက်

တောင်အာဖရိက နိုင်ငံသားအားလုံး အကျိုးစီးပွားအတွက် ယခုကဲ့သို့ အာကာသအေဂျင်စီကို ထူထောင်ရခြင်းဖြစ်ကြောင်း၊ ရေရှည်စီမံကိန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တောင်အာဖရိကအစိုးရက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

ပူးပေါင်းဆောင်ရွက်

အာကာသဆိုင်ရာ ဝန်ကြီးဌာနနှင့် ဆက်စပ်လုပ်ငန်းများအတွက် အဆိုပါ အေဂျင်စီက နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်အာဖရိကနိုင်ငံ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဝန်ကြီးဌာနသို့လည်း အစီရင်ခံစာ ပေးပို့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ချော်ရည်များစီးကျ

ဖိလစ်ပိုင်နိုင်ငံရှိ မေယွန်မီးတောင်မှ ချော်ရည်များ စီးကျနေသည်ကို ဇူလိုင် ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

တရုတ်ရှေးဟောင်းဘုရင်တစ်ပါး၏ အဘွားတော် သင်္ချိုင်းဂူတွေ့ရှိ

စီအင် ဇူလိုင် ၃၁

တရုတ်နိုင်ငံ ရှန်စီပြည်နယ် အနောက်မြောက်ပိုင်းတွင် ကြီးမားသော သင်္ချိုင်းဂူတစ်ခုကို တစ်နှစ်ကျော်ကြာ လေ့လာသုတေသနပြုခဲ့ပြီးနောက် ထိုသင်္ချိုင်းဂူသည် တရုတ်နိုင်ငံ၏ ပထမဆုံး ဧကရာဇ်၏ အဘွားတော်သင်္ချိုင်းဂူဖြစ်သည်ဟု တရုတ်သုတေသနပညာရှင်များက ယုံကြည်ခဲ့ကြသည်။

သင်္ချိုင်းဂူသည် တရုတ်နိုင်ငံ ပထမဆုံး ဧကရာဇ်ဘုရင်၏ အမိန့်ဖြင့် တည်ဆောက်ခဲ့သည့် အမှတ်အသား ရေးထိုးထားမှုများ ရှိနေကြောင်း ရှန်စီပြည်နယ်မှ သုတေသနပညာရှင် ကျန်တိန်ရင်က ဇူလိုင် ၂၉ ရက်၌ ပြောကြားသည်။

မှတ်ယူ

သင်္ချိုင်းဂူပေါ်တွင် ကျင်မင်းဆက်၏ အနုပညာ လက်ရာများကို လေ့လာခဲ့ပြီးနောက် အဆိုပါသင်္ချိုင်းဂူမှာ တရုတ်နိုင်ငံ၏ ပထမဆုံး ဘုရင်၏ အဘွားတော် အုတ်ဂူဖြစ်သည်ဟု သုတေသန ပညာရှင်များက မှတ်ယူခဲ့ကြခြင်းဖြစ်သည်။

ကျင်မင်းဆက် (ဘီစီ ၈၉၇-၂၂၁)အဖြစ် ကျင်ဂေါင်ဘုရင်လက်ထက်က တည်ဆောက်ခဲ့သော သင်္ချိုင်းဂူဖြစ်ပြီး တရုတ်နိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့သမျှ ရှေးဟောင်းသင်္ချိုင်းဂူများအနက် ဒုတိယအကြီးဆုံးဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ၌ ကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၃၁

အီရတ်နိုင်ငံ အနောက်ပိုင်းရှိ အန်ဘာပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဇူလိုင် ၂၉ရက်၌ ပြောကြားသည်။

သေဆုံး

ယင်းတိုက်ပွဲတွင် တပ်မဟာ (၁)တပ်ဖွဲ့မှ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်သုံးဦး၊ သံချပ်ကာတပ်မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။ အီရတ်၌တိုက်ပွဲများ စတင်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လကတည်းက အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၅၇၀ကျော်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ အမ်အင်အေ၊ရိုက်တာ

အရှေ့အလယ်ပိုင်း ပဋိပက္ခရပ်စဲရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုက်တွန်းပြောကြား

ပေကျင်း ဇူလိုင် ၃၁

တရုတ်နိုင်ငံက အရှေ့အလယ်ပိုင်း၌ဖြစ်ပွားသော ပဋိပက္ခတွင် အပစ်အခတ် ချက်ချင်းရပ်တန့်ရန် အရှေ့အလယ်ပိုင်းမှ ပါတီအားလုံးအား တိုက်တွန်းလိုက်ကြောင်း တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒိုင်ဘင်ဂေါက ပေကျင်းမြို့၌ ဇူလိုင်၂၈ရက်က ပြောကြားလိုက်သည်။

စိုးရိမ်ပူပန်

တရုတ်နိုင်ငံနှင့် ဆော်ဒီအာရေဗျတို့က အရှေ့အလယ်ပိုင်း လက်ရှိဖြစ်ပွားနေသော အခြေအနေကို စိုးရိမ်ပူပန်နေကြောင်း၊ ဆော်ဒီအာရေဗျ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး ဆော်ဒီအိမ်ရှေ့မင်းသားသစ် ဒါလင်ဘူလ်တန်ဘင် အဗ္ဗဒူလာဇစ်အယ်ဆော့နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

အစ္စရေးနှင့် လက်ဘနွန်တို့၏ အရှိန်မြင့်လာသော ပဋိပက္ခသည် အရှေ့အလယ်ပိုင်း၌ လုံခြုံရေးနှင့်တည်ငြိမ်ရေးကို မဖြေရှင်းနိုင်ဘဲရှိကြောင်း၊ တရုတ်နိုင်ငံက ယင်းတို့၏ ပဋိပက္ခကို စိုးရိမ်မိကြောင်း ဒိုင်ကပြောသည်။

ယခုအခါ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် လက်ဘနွန်အရပ်သား ၆၀၀ကျော်ခန့်သေဆုံးခဲ့ပြီဖြစ်ကြောင်း၊ လက်ဘနွန် ကျန်းမာရေးဝန်ကြီး ဂျာဝပ်ဒါလိုက်ဖ်က ဇူလိုင်၂၇ရက်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မေယွန်မီးတောင်မှ ချော်ရည်များစီးကျ တောမီးလောင်မည့်အရေး သတိပေးချက်ထုတ်ပြန်

မနီလာ ဇူလိုင် ၃၁

ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင် သိပ္ပံဌာနသည် မေယွန်မီးတောင်မှ ချော်ရည်များ စီးကျနေမှုကြောင့် တောမီးလောင်မည့်အရေးနှင့် ပတ်သက်၍ ဇူလိုင် ၂၉ရက်က သတိပေးချက် ထုတ်ပြန်ထားသည်။

မေယွန်မီးတောင်မှ ချော်ရည်များ စီးဆင်းမှုသည် အနောက်တောင်ဘက်သို့ ၅ဒသမ ၁ကီလိုမီတာအထိကျယ်ပြန့်လျက်ရှိပြီး အပူရှိန်ပြင်းသည့် ကျောက်တုံးကျောက်ခဲများက အဆိုပါဒေသရှိ ကျေးရွာများနှင့် သစ်တောများကိုခြိမ်းခြောက်လျက်ရှိကြောင်း သိပ္ပံဌာနက ဖော်ပြသည်။

ချော်ရည်ထုမှာမီတာ ၃၂၀အထိရှိကြောင်း၊ လွန်ခဲ့သည့် ၂၄နာရီအတွင်း တုန်ခါမှုမှာ အနည်းဆုံး၃၉၄ ကြိမ်ရှိပြီး အားနည်းသည့် ငလျင်လေးကြိမ်တုန်လှုပ်ခဲ့ကြောင်း၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ်ကို တစ်နေ့လျှင် ၆၀၈၉တန်ခန့် ထုတ်လွှတ်လျက်ရှိကြောင်း ၎င်းတို့က ဖော်ပြသည်။

အာဏာပိုင်များသည် သတိပေးမှုအဆင့် ၃အဖြစ် ကြေညာထားပြီး ယင်းဒေသဝန်းကျင်တွင် နေထိုင်ကြသူများအား သတ်မှတ်ထားသည့် ခြောက်ကီလိုမီတာ အန္တရာယ်ဇုန်အတွင်းသို့ သွားလာခြင်း မပြုကြရန် သတိပေးတားမြစ်ထားကြောင်း ဆင်ဟွာက ဖော်ပြသည်။

အဆိုပါ မေယွန်မီးတောင်သည် မနီလာမြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၃၃၀ခန့်အကွာ အယ်လ်ဘေးပြည်နယ်တွင်တည်ရှိပြီး ၂၀၀၁ ခုနှစ်က နောက်ဆုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကာ ထိုစဉ်က ကျေးရွာသား ၄၀၀၀၀ကို ပြောင်းရွှေ့ပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆေးခြောက်ကီလို ၆၀၀ အာဂျင်တီးနား၌ သိမ်းဆည်းရမိ

ဗျူနို့စ်အေရီ ဇူလိုင် ၃၁

အာဂျင်တီးနား ရဲတပ်ဖွဲ့သည် ဘူနို့စ်အေရီပြည်နယ်တွင် ဇူလိုင် ၂၇ ရက်က ဆိုးရွားသည့် ရာသီဥတုအခြေအနေကြောင့် ပုဂ္ဂလိက လေယာဉ်ကွင်းသို့ အရေးပေါ်ဆင်းသက်ခဲ့သော အပေါ့စား လေယာဉ်တစ်စင်းကို ရှာဖွေခဲ့ရာ ဆေးခြောက် ကီလို၆၀၀နီးပါး သိမ်းဆည်းရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါရာဂွေးတံဆိပ်

လေယာဉ်ထဲတွင် ပါရာဂွေး တံဆိပ်နှိပ်ထားသည့် ဆေးခြောက်ထုပ်များကို တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ တစ်လွှား ထူးထူးခြားခြား

ဒိုက်ထိုးစွမ်းရည်ပြသည့် ကလေးငယ်

မြေပြင်တွင် ဒိုက်ထိုးကာ စွမ်းရည်ပြနေသော တရုတ်ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။(အောက်ပုံ)

တရုတ်နိုင်ငံအလယ်ပိုင်း ဟေနန်ပြည်နယ် ကွန်ဖူးကျောင်းတစ်ခု၌ လူဒီအမည်ရှိ ခြောက်နှစ်အရွယ် တရုတ် ကလေးငယ်တစ်ဦးက အချိန် ၃နာရီ မိနစ်၂၀အတွင်း မြေပြင်တွင် အကြိမ်ပေါင်း ၁၀၀၀၀ဒိုက်ထိုးကာ စွမ်းရည်ပြခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ရော်ဘာကွင်းအများဆုံးကစားပြီး စံချိန်တင်

ရော်ဘာကွင်းပေါင်းများစွာနှင့် ကစားကာ စံချိန်တင်နေသူ မိန်းကလေးငယ် တစ်ဦးကိုတွေ့ရစဉ်။(ဝဲပုံ)

ဒိန်းမတ်နိုင်ငံသူ အသက် ၁၁နှစ်အရွယ်ရှိ ဆိုဖီရှက်ဝက်ဇ်အမည်ရှိ အမျိုးသမီးငယ်လေးက ရော်ဘာကွင်းပေါင်း ၈၅ကွင်းအထိ အောက်သို့ မကျအောင် မရပ်မနားကစားကာ ကမ္ဘာပေါ်တွင် ရော်ဘာကွင်းအများဆုံးနှင့် ကစားပြနိုင်သူအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းစည်းဝေးမည်

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၁၃)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ်၅ရက်(စနေနေ့) နံနက်၁၀နာရီတွင် အသင်းတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၇လမ်း အမှတ်၁၅၂တွင် ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်အားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့အသစ်ရွေးချယ်ခြင်း၊ အစုရှယ်ယာရှင်များကအကြံပြုဆွေးနွေးခြင်းတို့ပါရှိမည်ဖြစ်ပြီး ယင်းနေ့ညနေပိုင်းတွင် နှစ်ပတ်လည်အထိမ်းအမှတ်ညစာစားပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၈-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ မျက်စိကုသခြင်းအလှူဒါန
၇း၁၅ တေးဂီတအစီအစဉ်
၇း၂၀ သွားသွားလာလာကိုပါရာ (မဟာမြတ်မုနိဘုရားနှင့် ရေတော်ဆရာတော်အား ပူဇော်ကန်တော့ခြင်း)
၇း၄၅ ပြည်တွင်းသတင်းအကျဉ်း
၇း၅၅ တေးဂီတအစီအစဉ်
၈း၀၀ ကုန်ပစ္စည်းသစ် မိတ်ဆက်(၁)
၈း၁၅ မိုးလေဝသခန့်မှန်းချက်
၈း၂၀ ဆရာဦးမြင့်လွင်(သန့်-တည်-ပွား) ဟောပြောဆွေးနွေးသော "အပါယ်ပိတ်တရား" (အပိုင်း-၃)(လူ့ဘဝရခဲခြင်းနှင့် သံသရာရှည်လှပုံ)
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ ထင်းရှားတည်ရှိ မြင်းမထိ
၈း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၈း၅၅ ကလေးတို့အတွက်လက်ဆောင် (နာရီနှင့် လက်စွပ်ခေါက်နည်း)
၉း၁၀ တေးဂီတအစီအစဉ်
၉း၁၅ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၉း၃၀ °°°Music Gallery(စိုးပိုင်- နွေအလွမ်း)
၁၀း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀ မြန်မာစာ မြန်မာစကား
၁၀း၂၀ တေးဂီတအစီအစဉ်
၁၀း၂၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
၁၀း၃၀ နိုင်ငံတကာအနုပညာရေးရာ
၁၀း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၅ Sunday Talk
၁၁း၄၅ တေးဂီတအစီအစဉ်
၁၁း၅၀ ခိုင်ခံ့ပေါ့ပါး ကြွေရည်သုတ်သံသပိတ်များ
၁၂း၀၀ MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသဗုဒ္ဓဂယာမြေ မြတ်မဟာရှိဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့အောင်မင်းခေါင်ဘုရားလမ်း အမှတ် ၂၆/က ဝင်ဒါမီယာနေ ဗိုလ်ချုပ်ညွှန့်တင် (အငြိမ်းစား)၏ အသက်(၆၁)ပြည့် မွေးနေ့အလှူတော်အဖြစ် မိခင် ဒေါ်မဗျော့နှင့် မိခင် ဒေါ်ခင်ယုံ မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးဝိနယစရဝံသမေဒိနီစာသင်တိုက်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာရှိဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ချယ်ရီလမ်း အမှတ် ၃၆နေ (ကမ္ဘာလှည့်) ဒေါ်တင်တင်စိန် (မဟာသဒ္ဓမ္မဇောတိကဓဇ) မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းတစ်သောင်းတစ်ထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

✡ ကျောဖုံးမှ

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သော စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ခြောက်ဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏ တိုင်းပြည်နှင့် လူမျိုးဒုက္ခရောက်စေမည့် အဖျက်လုပ်ရပ်များကြောင့် ပါတီအပေါ် စိတ်ပါဝင်စားမှု မရှိတော့ခြင်း၊ NLDပါတီနှင့် ပါတီခေါင်းဆောင်များအား ယုံကြည်လေးစားမှုမရှိတော့ခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ ၎င်းတို့၏ ဆန္ဒအလျောက်နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြဝတီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ဝန်ထမ်းများ ဌာနတွင်းလုပ်ငန်းခွင်မပျက် မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲတွင် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၃၁

မြဝတီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ဝန်ထမ်းများဌာနတွင်း လုပ်ငန်းခွင်မပျက် မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲကို ဇူလိုင် ၂၄ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြဝတီမြို့နယ်ဦးစီးဌာနမှူးရုံးတွင်ကျင်းပရာ အခမ်းအနား၌ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးက သင်တန်းအဖွင့်အမှာစကားပြောကြားပြီး မြဝတီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းကာလ

အဆိုပါသင်တန်းတွင် သင်တန်းသားဝန်ထမ်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၄ ရက်ကြာ မြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့် အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

အင်တာနက်အထူးသတင်း

အင်္ဂါဂြိုဟ်လေ့လာရေးခရီးအတွက် ပုံစံတူ စမ်းသပ်စစ်ဆေးမှုပြုလုပ်မည်



အင်္ဂါဂြိုဟ်သို့ ခရီးသွားလာရေးနှင့်ပတ်သက်သော စမ်းသပ်မှုတစ်ခုကို ရုရှားနိုင်ငံသား အပျော်တမ်းပါဝင်ဆောင်ရွက်သူ ခြောက်ဦးနှင့်အတူ မကြာမီ လက်တွေ့ပြုလုပ်တော့မည်ဖြစ်ကြောင်း ရုရှားအာကာသ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ရက်ပေါင်း ၅၀၀

ထိုသို့ အင်္ဂါဂြိုဟ်ခရီးသွားလာရေးစမ်းသပ်မှုကို ရုရှားနိုင်ငံ မော်စကိုမြို့တွင်ပြုလုပ်မည်ဖြစ်ပြီး အာကာသယာဉ် ပုံစံနှင့်တူသော လေလုံပိတ်ယာဉ်တစ်ခုအတွင်း ရက်ပေါင်း ၅၀၀ နေထိုင်စမ်းသပ်ကြမည်ဖြစ်သည်။

စမ်းသပ်သွားမည်

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်နှင့်တူသော လေလုံပိတ်ယာဉ်တစ်ခုအတွင်းသို့ အပျော်တမ်းရုရှားနိုင်ငံသား အာကာသယာဉ်မှူးခြောက်ဦးတို့ ဝင်ရောက်ပြီးလျှင် သော့ပိတ်လိုက်မည်ဖြစ်ပြီး ရက်ပေါင်း ၅၀၀ကို ၎င်းယာဉ်အတွင်း နေထိုင်သွားကြရမည်ဖြစ်သည်။ ပျံသန်းမှုမပြုလုပ်ဘဲ တစ်နေရာတည်း၌သာ အဆိုပါအာကာသယာဉ်ကို ရပ်ထားပြီး အင်္ဂါဂြိုဟ်လေ့လာရေးခရီးစဉ်အတွက် အပျော်တမ်း စမ်းသပ်ခံသူ ရုရှားနိုင်ငံသားခြောက်ဦးကို ထားရှိ စမ်းသပ်သွားမည်ဖြစ်သည်။

လေလုံပိတ်ယာဉ်

စမ်းသပ်သုတေသနပြုမည့် ရုရှားအပျော်တမ်းအာကာသယာဉ်မှူးများသည် လေလုံပိတ်ယာဉ်အတွင်း အထူးစီမံသော အောက်ဆီဂျင်ဘူးများနှင့် နေထိုင်ကြရမည်ဖြစ်ပြီး အစားအစာအဖြစ် ပိုးသတ်ထားသောအစာများ၊ ယခင် အာကာသခရီးသွားခဲ့သည့် အာကာသယာဉ်မှူးများ စားသောက်ခဲ့သော အစားအစာများကို စားသောက်နေထိုင်ကြရမည်ဖြစ်သည်။

ကြိုတင်ပြင်ဆင်

ယခုစမ်းသပ်မှုပြုလုပ်မည့် အာကာသယာဉ်မှာလည်း ယခင်အာကာသယာဉ်များထက် ပိုရှည်ပြီး အရွယ်အစား ပိုကြီးမားသော ပုံစံဒီဇိုင်းပြုလုပ်ထားရာ အနာဂတ်ကာလတွင် အင်္ဂါဂြိုဟ်လေ့လာရေးအဖွဲ့များအတွက် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားခြင်းဖြစ်သည်ဟု ရုရှားသုတေသနပညာရှင်များက ပြောကြားသည်။

ယခုအခါ အင်္ဂါဂြိုဟ်လေ့လာရေး အကြိုစမ်းသပ်မှု အစီအစဉ်အတွက် အပျော်တမ်းပါဝင် ဆောင်ရွက်လိုသူခြောက်ဦးအတွက် လျှောက်လွှာများကို အဆိုပါ ရုရှားအာကာသသုတေသနပညာရှင်များက စတင်လက်ခံနေပြီဖြစ်သည်။

ဆက်သွယ်နိုင်အောင်

အပျော်တမ်းစမ်းသပ်မည့် အာကာသယာဉ်မှူးများအတွက် စီမံထုတ်လုပ်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်အတွင်း အိပ်ခန်းသုံးခန်း၊ ရုပ်မြင်သံကြားစက်များ၊ မိုက်ကရိုဖုန်းများ၊ ကင်မရာများကို အပြည့်အစုံတပ်ဆင်ထားရာ အာကာသယာဉ်အတွင်း ရက်ပေါင်း၅၀၀နေထိုင်စဉ်ကာလ၌ ပြင်ပကမ္ဘာနှင့် ဆက်သွယ်နိုင်အောင်လည်း စီမံပေးထားသည်။

ထိုအာကာသယာဉ်အတွင်း နေထိုင်စဉ်ကာလ၌ အပျော်တမ်းအာကာသယာဉ်မှူးများသည် အင်္ဂါဂြိုဟ်သို့ အမှန်တကယ်သွားနေသော အာကာသယာဉ်မှူးများကဲ့သို့ အပြင်ဘက်မြေပြင်စခန်းနှင့် အင်တာဗျူးများလည်း ပြုလုပ်ကြရမည်ဖြစ်သည်။

ပါဝင်စမ်းသပ်လိုသူများအား လျှောက်လွှာများ လက်ခံနေပြီဖြစ်ရာ လျှောက်ထားသူများအား ကျန်းမာရေး၊ စိတ်ဓာတ်ကြံ့ခိုင်မှုစသည်များကို စစ်ဆေးစမ်းသပ်ပြီး ရွေးချယ်သွားမည် ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၆၈ခုနှစ် ဝါခေါင်လဆန်း၈ရက် (ဥပုသ်နေ့)

၁-၈-၂၀၀၆ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈း၁၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၇။ International News
၈း၄၅ ၈။ Islands of Dhamma
၈း၅၀ ၉။ ဘဒ္ဒန္တ ဇောတိပါလ(အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) နိုင်ငံတော်သြဝါဒါစရိယ တွဲဖက် ရွှေကျင်သာသနာပိုင် သီရိမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက် ပဲခူးမြို့ ပဲခူးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက-၁၊သန်လျင်) [အမျိုးသမီးဝတ်ရွတ်အဖွဲ့]
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅ ၆။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇း၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ ထူးမြတ်တင့်ဆန်း ကြာသက်န်း
၁၈း၅၀ ၁၁။ ကြေးမုံရိပ်သွင် တေးနုယဉ်
၁၉း၀၀ ၁၂။ မိခင်နို့အစားထိုးကြော်ငြာများ တားမြစ်ချက်ရှိသည် သတိထား
၁၉း၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း-၁၄)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း-၁၆)
၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာပွားများခြင်း တရားတော်
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

1-8 (06).p65 1 1/14/32, 1:18 AM

ပေ ၁၈၀ အထက် ၂၁၈ စင်းမြောက် ရွှေလင်ပန်းတံတားဖွင့်လှစ် လှိုင်သာယာမြို့နယ်အတွင်းရှိ စက်မှုဇုန်များကို ဆက်သွယ်ပေးထား

ရန်ကုန် ဇူလိုင် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တည်ဆောက်ပြီးစီးသွားသည့် ရွှေလင်ပန်းတံတားဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်းမကြီးပေါ်ရှိ အဆိုပါ တံတားထိပ်မုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အတွင်း တည်ဆောက်ပြီးစီးသွားသော ၂၀၈ ပေအရှည် ရွှေလင်ပန်းတံတားကြီးကို ဖွင့်လှစ်သည့် အခမ်းအနားဖြစ်ကြောင်း။

အဓိကကျ

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်တိုးတက်ရေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလေးထား ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကြီးဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကကျအရေးပါလှကြောင်း။

ယနေ့ဖွင့်လှစ်သည့် ရွှေလင်ပန်းတံတားကြီးသည် ယင်းလုပ်ငန်းများ၏ ထင်ရှားသော ပြယုဂ် သက်သေတစ်ခုဖြစ်ပါကြောင်း။

ရွှေလင်ပန်း တံတားကြီးသည် တပင်ရွှေထီးလမ်းမကြီးပေါ်၌ တည်ရှိပြီး ရွှေပြည်သာတံတားကြီးနှင့် ဘုရင့်နောင်တံတားကြီး နှစ်ခုအကြား လှိုင်သာယာမြို့နယ်အတွင်းရှိ စက်မှုဇုန်များကို ဆက်သွယ်ပေးထားသော တံတားကြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားသည်။

ဖွင့်လှစ်

ယင်းနောက် အခမ်းအနားကို တံတားမုခ်ဦးရှေ့၌ ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဝန်ကြီး ဗိုလ်ချုပ် စောထွန်းတို့က ရွှေလင်ပန်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက တံတားကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့်ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က တံတားကမ္ပည်း မော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ဧည့်သည်တော်များနှင့်အတူ တံတားတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ရွှေလင်ပန်းတံတားသည် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ကစင်ကျေးရွာနှင့် ရွှေလင်ပန်းကျေးရွာအကြားရှိ ရွှေလင်ပန်းချောင်းကိုဖြတ်၍ တပင်ရွှေထီးလမ်းမပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည် ၂၀၈ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၄ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ စုစုပေါင်းတံတား အကျယ် ပေ၅၀၊ ရေလမ်းကင်းလွတ်အကျယ် ၄၈ပေ၊ ရေလမ်းကင်းလွတ် အမြင့် သုံးပေရှိပြီး တန် ၆၀ ခံနိုင်ဝန်ရှိသည့် အောက်ခြေ သံကူကွန်ကရစ်ပိုင်တိုင်၊

အောက်ထည်နှင့်အပေါ်ထည် သံကူကွန်ကရစ်များဖြင့် တည်ဆောက်ထားသော သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ အဆိုပါတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁)က ၂၀၀၂ခုနှစ် ဩဂုတ်၁ရက်မှ စတင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၄ခုနှစ် မေ၃၀ရက်တွင် စီမံကိန်းလုပ်ငန်း အားလုံးပြီးစီးခဲ့ကာ ငွေကျပ်သန်း ပေါင်း၃၈၉သန်း အကုန်အကျခံတည် ဆောက်ခဲ့ခြင်းဖြစ်သည်။ ရွှေလင်ပန်း တံတားကြီးသည် ရန်ကုန်တိုင်းအတွင်း ၂၈စင်းမြောက် ဖွင့်လှစ်လိုက်သည့် တံတားကြီးဖြစ်ပြီး ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရလက်ထက် ၂၁၈စင်းမြောက်ဖွင့်လှစ်နိုင်သည့်ပေ၁၈၀အထက် တံတားကြီးဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဖြတ်သန်းကြည့်ရှု

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဧည့်သည်တော်များ ရွှေလင်ပန်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမြို့နယ်ပေါင်းစုံ အလေးမပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

၂၀၀၆ခုနှစ် တတိယအကြိမ်မြောက် ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ အလေးမပြိုင်ပွဲနှင့် လူရွေးပွဲကို ဩဂုတ် ၁၀ရက် နံနက်၉နာရီ၌ အောင်ဆန်း အားကစားပြိုင်ဝင်း အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အားကစားသမားများသည် မြို့နယ်တစ်ခုခုအား အမည်ခံ၍ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အသက် ၃၀ ကျော်သူများလည်း ယှဉ်ပြိုင်နိုင်သည်။ ရန်ကုန်တိုင်း လူရွေးပွဲ၌ ယှဉ်ပြိုင်လိုသူများသည် အခြားပြည်နယ်/တိုင်းများ၌ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည် မဟုတ်ဘဲ သွားရောက်ယှဉ်ပြိုင်လိုပါက ရန်ကုန်တိုင်း အလေးမဆပ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံမှ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် ဩဂုတ် ၈ရက်နောက်ဆုံးထား၍ ရန်ကုန်တိုင်း အလေးမဆပ်ကော်မတီ အတွင်းရေးမှူး ဒေါ်ဖြူဖြူသီ ဖုန်း-၆၈၃၅၇၈ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် တိုးချဲ့ဖြန့်ဖြူးနိုင်ရန် 230KV မဟာဓာတ်အားလိုင်းသုံး ဝိုင်ယာကြိုးများ စက်ရုံမှထုတ်လုပ်

နေပြည်တော် ဇူလိုင် ၃၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၃၀ရက်တွင် ပဲခူးတိုင်း အင်းတကော်ဒေသရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေသို့ ရောက်ရှိသည်။ ရှေးဦးစွာ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၏ အလူမီနီယမ်ဝိုင်ယာကြိုး ထုတ်လုပ်မှုစက်ရုံကို ကြည့်ရှုစစ်ဆေးရာ စက်ရုံအထွေထွေမန်နေဂျာ ဦးသန်းငွေက မူလစက်တပ်ဆင်မှု စွမ်းအားအရ 6.6 KV, 11KV နှင့် 33KV ဓာတ်အားလိုင်းသုံး အလူမီနီယမ် ဝိုင်ယာကြိုးများကို ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ တိုးချဲ့တပ်ဆင်ပြီး စက်များဖြင့် 66 KV, 132KVနှင့် 230KV မဟာဓာတ်အားလိုင်းသုံး အလူမီနီယမ်ဝိုင်ယာကြိုးများကို တိုးချဲ့ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တိုးချဲ့ဖြန့်ဖြူးနိုင်ရန် 230KV မဟာဓာတ်အားလိုင်းကြီးများကို တိုးချဲ့ဆက်သွယ်လျက်ရှိကြောင်း၊ ၎င်းမဟာဓာတ်အားလိုင်းသုံးACSR ဝိုင်ယာကြိုးများကို ဤစက်ရုံမှ တိုးချဲ့ထုတ်လုပ် ဖြန့်ဖြူးပေးရမည်ဖြစ်ကြောင်း၊ 230KV ဓာတ်အားလိုင်း သာမက 300KV၊ 500KV၊ မဟာဓာတ်အားလိုင်းကြီးများတိုးချဲ့ တပ်ဆင်ရာတွင် အသုံးပြုမည့် ACSR ဝိုင်ယာကြိုးများကို အရေအတွက်အရရော၊ အမျိုးအစားအရပါ တိုးမြှင့်ထုတ်လုပ်ပေးရန် ကြိုတင်ကြံဆ တွက်ချက်ထားကြရန် လိုကြောင်း၊ စက်ရုံ၏ကုန်ထုတ်လုပ်မှု တိုးမြှင့် ဆောင်ရွက်ရာတွင် အရည်အသွေး စံချိန်မီအောင် ကြပ်မတ်ဆောင်ရွက်သွားရေး၊ အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

လျာထားချက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ လက်တွန်းထွန်စက် အင်ဂျင်ထုတ်လုပ်မှုစက်ရုံကို ကြည့်ရှုစစ်ဆေးရာ စက်ရုံအထွေထွေမန်နေဂျာ ဦးခင်မောင်မြင့်က ၂၀၀၅-၂၀၀၆ခုနှစ်တွင် လက်တွန်းထွန်စက်အင်ဂျင်လုံးရေ ၅၀၀၀ ထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာနှစ်တွင် လက်တွန်းထွန်စက်အင်ဂျင်လုံးရေ ၆၀၀၀ ထုတ်လုပ်ရန် လျာထားသတ်မှတ်ကြောင်း၊ ယခုဘဏ္ဍာနှစ် ပထမသုံးလပတ်ကာလတွင် လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ခဲ့ကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် မထသ ဝန်ထမ်းသားသမီးများအား ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇူလိုင်၁ရက်က မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ရှိ ရုံးချုပ်ခန်းမတွင် ကျင်းပရာ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကျော်တင့်က ဌာနခွဲများအလိုက် ပညာသင်ထောက်ပံ့ကြေး စုစုပေါင်းငွေကျပ်၂၀၅၈၀၀၀ကို ကျောင်းသူတစ်ဦးသို့ ပေးအပ်စဉ်။ (၁၂၉)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၃၁

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌(၉၈)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဩဂုတ် ၈ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇူလိုင် ၃၁

လွန်ခဲ့သော၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍မိုးကြီးခဲ့သည်။

ယနေ့နံနက်၆နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလျက်ရှိသည်။

ဩဂုတ်၁ရက်ညနေအထိခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၄ လမ်း အမှတ် ၁၈၂-၂၀၂ အခန်း ၁၉နေ ဒေါ်ခင်သန်းနွဲ့၏ (၇၅)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

■ ရှု့ဖုံးမှ

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ကိုယ့်ခွန်ကိုယ့်အား

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ယှဉ်တွဲပြီး နယ်ပယ်ကဏ္ဍစုံမှာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရအောင် ကိုယ့်ခွန်ကိုယ့်အားဖြင့် တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်နေကြသည့် အချိန်ကာလဖြစ်သည်ကို ဆရာ ဆရာမတို့ သိရှိကြပြီးဖြစ်ကြောင်း။

ခေတ်သစ် စနစ်သစ်ဖြင့် နိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်သည့်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာအသီးသီးမှာ အနာဂတ်ကာလကို မျှော်မှန်းသည့် အသွင်ကူးပြောင်းရေးအစီအမံများ၊ စနစ်သစ်သို့ ကူးပြောင်းမှုလုပ်ငန်းစဉ်များကို ကာလတို၊ ကာလရှည်စီမံကိန်းများ ရေးဆွဲချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၉) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပညာရေးပတ်ဝန်းကျင်ကောင်းများမှသည် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်

အနာဂတ်စိန်ခေါ်မှု

ပညာရေးကဏ္ဍမှာဆိုလျှင်လည်း လွန်ခဲ့သည့် ရှစ်နှစ်ကျော် ကိုးနှစ်ကတည်းကစတင်ပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့် ပညာရေးလောက က ပညာရှင်များ၊ စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမကြီးများ နှစ်စဉ်နှစ်တိုင်း ဆွေးနွေးညှိနှိုင်းကြပြီး အနာဂတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများကို စီမံကိန်းအဆင့်ဆင့် ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ပညာရေးမြှင့်တင်မှုအစီအစဉ် အဆင့်ဆင့်က စတင်ခဲ့ရာက အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကတစ်ဆင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းအထိ အဆင့်ကူးပြောင်းတက်လှမ်းပြီး အရှိန်အဟုန်ရော အရည်အသွေးပါ မြှင့်တင်ဆောင်ရွက်ခဲ့ကြခြင်းလည်း ဖြစ်ကြောင်း။

အခြေခံအဆောက်အအုံ

ယခုဆိုလျှင် ပညာရေးစနစ်သစ် ကူးပြောင်းမှုအစီအမံများကို နိုင်ငံတော်အစိုးရ၊ မိဘပြည်သူတစ်ရပ်လုံးနှင့် ပညာလောက က ပညာရှင်များ၊ စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမနှင့် ကျောင်းသူ ကျောင်းသားများ လက်တွဲကြိုးပမ်းအကောင်အထည်ဖော်လာခဲ့ကြသည်မှာ ရှစ်နှစ်ကျော် ကိုးနှစ်ကာလကို ရောက်ရှိခဲ့ပြီဖြစ်သည့်အတွက် မျှော်မှန်းတည်ဆောက်နေသည့် အနာဂတ်ပညာရေးစနစ်သည်လည်း အတော်ပင် ရုပ်လုံးပေါ်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ အထူးသဖြင့် ယခင်က မရှိခဲ့သည့် အနာဂတ်ကာလကိုမျှော်မှန်းသော ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အခွင့်အလမ်းပွင့်နေသည့် ပညာရေးပတ်ဝန်းကျင်များကို အောင်အောင်မြင်မြင် တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယင်းသို့ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲခဲ့သည်မှာ ဆယ်စုနှစ်တစ်နှစ်နီးပါးကြာမြင့်လာပြီဖြစ်သည်နှင့်အညီ ဆရာ ဆရာမများ၊ ပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူများအပိုင်းမှာလည်း ခေတ်ဟောင်း စနစ်ဟောင်းကို မီခဲ့သူများ၊ ခေတ်သစ် စနစ်သစ်မှာမှ ပေါ်ပေါက်လာသည့်သူများ ပေါင်းစည်းပါဝင်နေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ပိုမိုမြင့်မား

ခေတ်ဟောင်း စနစ်ဟောင်းကိုမီခဲ့သည့် ပညာရှင်များ၊ ဆရာ ဆရာမများအနေဖြင့် အတွေ့အကြုံနှင့် အရည်အသွေးပိုင်းတွင် ရင့်ကျက်မှုဆိုသည့် အားသာချက်များရှိနေသကဲ့သို့ ခေတ်သစ် စနစ်သစ်က မွေးထုတ်လိုက်သည့် ပညာရှင်များ၊ ဆရာ ဆရာမများအနေနှင့် ခေတ်စနစ်နှင့် အံဝင်ခွင်ကျ အလိုက်သင့်စီးဝင်သွားနိုင်သည့် အားသာချက်များရှိနေပါကြောင်း၊ ယင်းအားသာချက်ကိုယ်စီကို အပြန်အလှန်ဖြည့်ဆည်းချိန်ညှိပြီး အားသာချက်များ၏ စွမ်းအားကို ပေါင်းစည်းပေးနိုင်သည်နှင့်အမျှ ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှု၏ အရှိန်အဟုန်သည်လည်း သိသာစွာ ပိုမိုမြင့်မားလာမှာ အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအားလုံးက မိမိတို့တစ်ဦးချင်း၏ အရည်အသွေးများကို ပိုမိုမြင့်မားသည်ထက် မြင့်မားအောင် ကြိုးစားအားထုတ်ကြရင်း ကိုယ်စီ ကိုယ်စီသော အရည်အသွေးများကို ပေါင်းစည်းပွားများစေခြင်းအားဖြင့် ပညာရေးလောကအရည်အသွေးကို ပိုမိုထက်မြက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

စစ်မှန်သောမောင်းနှင်အား

ဆရာ ဆရာမတစ်ဦးချင်း၏ ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားရေး ကြိုးပမ်းလုပ်ဆောင်မှုများ၊ ဆရာ ဆရာမအင်အားစုတစ်ရပ်လုံး၏ ပေါင်းစည်းညီညာသည့် အရည်အသွေးနှင့် စွမ်းအားများ၊ ပြည်သူတစ်ရပ်လုံး၏ ပညာရေးကဏ္ဍအပေါ် ကူညီပံ့ပိုးဆောင်ရွက်မှုများ၊ နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များအားလုံး တညီတညွတ်တည်း ပေါင်းစည်းပါဝင်နေသည့် စွမ်းအားသည်သာလျှင် မြန်မာ့ပညာရေးလောက တိုးတက်ဖြစ်ထွန်းမှုများ၏ စစ်မှန်သော မောင်းနှင်အားဖြစ်သည်ဟု ခံယူပြီး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းနှင့် လုပ်ငန်းစဉ်များသည် အနာဂတ်ကိုမျှော်မှန်းပြီး ရေရှည်အကျိုးအတွက် မျိုးဆက်တစ်ဆက်နှင့်တစ်ဆက် တာဝန်လွှဲယူပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်သွားရမည့် ရေရှည်လုပ်ငန်းစဉ်ကြီးပင်ဖြစ်ကြောင်း၊ ယင်းသို့ ရေရှည်တိုးတက်ပြောင်းလဲနေသည့် ပညာရေးစနစ် ပြောင်းလဲမှုဖြစ်စဉ်အဆင့်ဆင့်သည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍအထွေထွေ၏ တိုးတက်ပြောင်းလဲမှုများနှင့် သဟဇာတဖြစ်စွာ အပြန်အလှန် အကျိုးပြု ပြောင်းလဲနေစေရန်လိုအပ်ကြောင်း။

အလားတူပင် ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ဘွဲ့ကြို၊ ဘွဲ့လွန်ပညာကဏ္ဍများ၊ ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကဏ္ဍများ စသည့် ပညာရေးလောက၏ အဆစ်အပိုင်းအားလုံးသည်လည်း စနစ်သစ်သို့ ကူးပြောင်းတိုးတက်ဖြစ်ထွန်းမှုဖြစ်စဉ်အဆင့်ဆင့်တွင် လိုက်လျောညီထွေစွာ တညီတညာတည်း ဟန်ချက်ညီညီ ချိတ်ဆက်ကူးပြောင်းနိုင်စေရမှာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ပညာရေးကဏ္ဍ၏ အစိတ်အပိုင်းများ အပိုင်းကဏ္ဍများအားလုံး၏ တိုးတက်ပြောင်းလဲမှုများသည် Synchronize ဖြစ်ရန်လိုကြောင်း။

အမျိုးသားရေးတာဝန်

ထို့အတွက် ဆရာ ဆရာမများအားလုံးက နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုအခြေအနေများကို ပကတိအတိုင်း နားလည်သဘောပေါက်ကြရန်၊ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်မူဝါဒနှင့် အမျိုးသားရေးဦးတည်ချက်များ၊ လုပ်ငန်းစဉ်များကို ယုံကြည်သက်ဝင်ကြရန်၊ ပညာရေးကဏ္ဍ၏ မွန်မြတ်မြင့်မားသည့် မျှော်မှန်းချက်များကို အပြည့်အဝခံယူထားကြရန်လိုအပ်ကြောင်း၊ သို့မှသာ ပညာရေးကဏ္ဍ၏ တာဝန်များကို နိုင်ငံတော်သစ် တည်ဆောက်ရေး အမျိုးသားရေးတာဝန်များအဖြစ် စိတ်ဓာတ်အင်အားအပြည့်အဝဖြင့် အောင်အောင်မြင်မြင် ကျေကျေပွန်ပွန် ထမ်းရွက်ပေးနိုင်ကြမှာဖြစ်ကြောင်း။

ဆက်စပ်ပေါင်းစည်း

ထို့အတူ ဆရာတစ်ဦးအနေနှင့် ထမ်းဆောင်ရမည့်တာဝန်၊ နိုင်ငံသားတစ်ဦးအနေနှင့် ထမ်းဆောင်ရမည့်တာဝန်နှင့် လူ့ဘောင်အဖွဲ့အစည်းဝင်တစ်ဦးအနေနှင့် ထမ်းဆောင်ရမည့် တာဝန်ကို ဆက်စပ်ပေါင်းစည်းပြီး ကျောင်းသူ ကျောင်းသားလူငယ်များ၏ ပညာရည်မြင့်မားရေး၊ မိမိတာဝန်ကျရာနယ်မြေဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ တိုးတက်ဖြစ်ထွန်းရေးတို့အတွက် စိတ်အားတက်ကြွထက်သန်စွာ ကြိုးပမ်းဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေနှင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်မှန်းပြီး ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသများအားလုံးမှာ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးမှုအခြေခံကောင်းများ ဖြစ်ထွန်းလာစေရအောင်၊ နယ်မြေဒေသအချင်းချင်း လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာနိုင်စေရအောင်၊ ဒေသတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအတွက် မိမိဒေသအတွင်းမှာပင် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ရရှိခံစားနိုင်စေရအောင်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များကို ဒေသအတွင်းမှာပင် ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရအောင်ဆိုသည့် ရည်မှန်းချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသအလိုက်ဖြန့်ကြက်ပြီး တည်ဆောက် ထူထောင်ပေးထားခြင်းဖြစ်ကြောင်း၊ ဆက်လက်ပြီး စဉ်ဆက်မပြတ် ထူထောင်တည်ဆောက်ပေးလျက်လည်း ရှိနေကြောင်း။

ဖြန့်ကြက်ထူထောင်

အထူးသဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနအကျဆုံးအခြေခံတစ်ရပ်ဖြစ်သည့် ဒေသခံတိုင်းရင်းသားလူငယ်များ ပညာတတ်မြောက်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ပညာသင်ယူနိုင်မှုအခွင့်အလမ်းကို အခြေခံဒေသ ကျေးလက်အထိရောက်အောင် ပညာရေးအခြေခံအဆောက်အအုံများကို ပြည်နယ်နှင့် တိုင်းဒေသများအားလုံး၌ ဖြန့်ကြက်ထူထောင်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း ဒေသခံတိုင်းရင်းသား လူငယ်များ၏ ပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အလေးထားဆောင်ရွက်ပေးရန် လိုအပ်ချက်နှင့်စပ်လျဉ်းပြီး–

"ဆွေစဉ်မျိုးဆက် အရည်အသွေးမြင့်မားတဲ့ လူနေမှုဘဝ (Quality of life)ရရှိစေဖို့အတွက် ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)ဖြစ်အောင် ဒေသခံတိုင်းရင်းသူ တိုင်းရင်းသားလူငယ်များကို အရည်အသွေးမြင့်မားတဲ့ လူ့စွမ်းအား အရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမယ်၊ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)ဖြစ်မှ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး တိုးတက်ပြီး တည်တံ့ခိုင်မြဲမယ်"

ဟု လမ်းညွှန်မိန့်ကြားထားကြောင်း။

ဆက်လက်ကြိုးပမ်း

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားပြီး ရေရှည်အကျိုးကို မျှော်မှန်းလမ်းညွှန်ထားသည့် လမ်းညွှန်ချက်နှင့်အညီ ပညာရေးဆိုင်ရာ အခြေခံများကို ပြည်နယ်နှင့်တိုင်းဒေသများအသီးသီး၌ ဖြန့်ကြက်ထူထောင်ပေးထားခြင်းဖြစ်သည့်အတွက် ဆရာ ဆရာမများအားလုံးကလည်း မိမိတို့ တာဝန်ထမ်းဆောင်ရာ ဒေသအတွင်း ဖြစ်ထွန်းတည်ရှိနေသည့် ပညာရေးအခြေခံကောင်းများ၏ ထူးခြားလေးနက်သည့် တန်ဖိုးနှင့် အနှစ်သာရကိုသိမြင်ပြီး ယင်းပညာရေးပတ်ဝန်းကျင်ကောင်းများမှသည် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရအောင်၊ ယင်းစွမ်းအားအရင်းအမြစ်များ၏ ခွန်အားနှင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသ၏ စီးပွားရေးတိုးတက်ခိုင်မာမှု၊ ဒေသခံပြည်သူများ၏ လူမှုရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားမှု အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရအောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်း။

ဆရာ ဆရာမများအပါအဝင် အားလုံးဝိုင်းဝန်းပြီး စနစ်တကျနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍လည်း ယနေ့အခြေအနေတွင် အခြေခံပညာကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သကဲ့သို့ ယင်းတိုးတက်ဖြစ်ထွန်းမှုများ၏ အကျိုးရလဒ်ကောင်းများကို စတင်ခံစားနေရပြီလည်း ဖြစ်ကြောင်း။

သိသာစွာတိုးတက်လာ

ယခုဆိုလျှင် မူလတန်းလွန်ကျောင်း ၅၅၄၅ကျောင်းအပါအဝင် အခြေခံပညာကျောင်းပေါင်း ၄၀၅၂၅ ကျောင်းရှိလာပြီဖြစ်၍ ၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်း ၃၃၇၄၇ ကျောင်းသာရှိခဲ့သည့်အခြေအနေထက် ကျောင်းပေါင်းခြောက်ထောင်ကျော် ခုနစ်ထောင်နီးပါး တိုးပွားလာခဲ့ပြီဖြစ်သကဲ့သို့ Multi-Media စာသင်ခန်းဖွဲ့စည်းနိုင်သည့် ကျောင်းပေါင်း ၁၆၆၀ အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် သူငယ်တန်းကျောင်းဝင်နှုန်းမှာလည်း ၉၇ ဒသမ ၅၈ ရာခိုင်နှုန်း

အထိ တိုးတက်လာခဲ့ပြီဖြစ်သကဲ့သို့ ကျောင်းနေမြဲရေး၊ အဆင့်ကူးပြောင်းသင်ယူမှု မြင့်မားရေးအတွက် အာရုံစူးစိုက် အားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ကျောင်းနေနှုန်း၊ အဆင့်ပြီးဆုံးနှုန်းနှင့် အဆင့်ကူးပြောင်းသင်ယူမှုနှုန်းများလည်း သိသာစွာတိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ ကျောင်းပြင်ပ ပညာရေး ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုဆိုလျှင် သက်ကြီး စာပေတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၁ ရာခိုင်နှုန်းရှိလာခဲ့ပြီဖြစ်ကြောင်း။

ယင်းအခြေခံကောင်းများအပေါ် မူတည်ပြီး နိုင်ငံသားတိုင်း မူလတန်းပညာသင်ယူပြီးမြောက်ရန်၊ မသင်မနေရ မူလတန်းပညာရေးစနစ်ဖြစ်လာစေရန်၊ ကျောင်းနေမြဲပြီး အလယ်တန်း၊ အထက်တန်းအဆင့် ကူးပြောင်းသင်ယူမှုနှုန်း တိုးတက်မြင့်မားစေရန်၊ နိုင်ငံသားတိုင်း စာတတ်မြောက်စေရန်ဆိုသည့် ပညာရေးကဏ္ဍ၊ အခြေခံအကျဆုံးရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် ဆရာ ဆရာမများအားလုံးက ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပိုမိုဖွံ့ဖြိုးတိုးတက်

ကလေးသူငယ်များက အစပြု၍ နိုင်ငံသူ နိုင်ငံသားအားလုံး ပညာတတ်မြောက်ပါမှလည်း ပြည်သူများ၏ လူမှုစီးပွားရေးဘဝ အခြေခံများ မြင့်မားလာမှာဖြစ်ကြောင်း၊ သို့မှလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် ကျေးလက်နေကလေးသူငယ်များ ပညာတတ်မြောက်အောင် ကြိုးစားသင်ကြားပေးခြင်းအားဖြင့် ကလေးသူငယ်များမှာ ကျန်းမာရေး အသိရှိမှု၊ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှု အမူအကျင့်ကောင်းများ ရရှိလာမှာဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိအမြင်များရှိလာမည့် အပြင် ကိုယ်ချင်းစာနာမှု၊ ကူညီရိုင်းပင်းမှု၊ လူမှုကျင့်ဝတ်စောင့်ထိန်းမှု၊ အလေ့အကျင့်ကောင်း၊ စရိုက်ကောင်းများဖြစ်ထွန်းလာပြီး ရိုးသားဖြောင့်မတ်သည့် စာရိတ္တကောင်းသည့် လူငယ်များဖြစ်လာကြမှာဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်းအောင်စောင့်ရှောက်

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ တပည့် ကျောင်းသူ ကျောင်းသားလူငယ်များကို ပညာကိုအခြေခံပြီး အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးလာစေရအောင် စောင့်ရှောက်ပေးကြပါဟု မှာကြားလိုကြောင်း။

အဆင့်မြင့်ပညာကဏ္ဍမှာဆိုလျှင်လည်း 'အခွင့်အလမ်းပွင့် အရည်အချင်းမြင့် ပညာခက်ဖြာ'ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ယနေ့နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုးကို အရည်အသွေး မြင့်မြင့်မားမားနှင့် သင်ယူလေ့လာနိုင်မည့် အခြေခံများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ပညာရပ်အလိုက်၊ ဘာသာရပ်အလိုက် အထူးပြုတက္ကသိုလ်များ၊ ကောလိပ်များလည်း တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်လေ့ကျင့်

ထို့ကြောင့် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏တပည့် ကျောင်းသူ ကျောင်းသားလူငယ်များကို ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် အဆင့်မြင့်ပညာသင်ကြားနိုင်မှု အခွင့်အလမ်းအသွယ်သွယ်မှာ မိမိတို့၏ အရည်အသွေးအလိုက်၊ ဝါသနာဗီဇအလိုက်၊ ထူးချွန်ထက်မြက်မှုအလိုက် အလိုက်သင့် စီးဝင်ကူးပြောင်းသင်ယူနိုင်စေရအောင် ယခုကတည်းက ကြိုတင်ပြင်ဆင်လေ့ကျင့်သင်ကြားပေးကြရန် မှာကြားလိုကြောင်း၊ အရည်အသွေးမြှင့်တင်ထားပြီးဖြစ်သည့် အဆင့်မြင့်ပညာကဏ္ဍမှာ မိမိတို့၏ တပည့်ကျောင်းသူ ကျောင်းသားလူငယ်များ အဆင်ပြေချောမွေ့လွယ်ကူစွာ ပညာ ဆက်လက်သင်ကြားနိုင်စေရအောင် အရည်အသွေး၊ အရည်အချင်းတို့ကို ကြိုတင်ဖြည့်ဆည်းပေးကြရန်လည်း တစ်ဆက်တည်း မှာကြားလိုကြောင်း။

ယနေ့အချိန်အခါကဲ့သို့ နိုင်ငံတော်သစ်ကို ကူးပြောင်းတည်ဆောက်လျက်ရှိသည့် အခါသမယတွင် ပြည်သူအများ၏ ပညာရေးအခြေခံမြင့်မားမှသာ လူနေမှုဘဝအဆင့်အတန်းမြင့်မားမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းလာမှာဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေခံကောင်းများ ခိုင်ခိုင်မာမာဖြစ်ထွန်းနေမှလည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်၊ တည်ငြိမ်ခိုင်မာသည့် ဒီမိုကရေစီစနစ်ကို ညင်သာသိမ်မွေ့စွာ ကူးပြောင်းနိုင်မှာဖြစ်ကြောင်း။

အပြိုင်အဆိုင်ကြိုးပမ်း

နိုင်ငံတကာကိုကြည့်လျှင်လည်း နိုင်ငံတိုင်း လူမျိုးတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး ကြီးပွားချမ်းသာရေး၊ မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ယင်းသို့ အခြေအနေအချိန်အခါမျိုးတွင် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ့်အမျိုးသားရေး အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ပြည်သူများအားလုံးက တစ်စိတ်တည်းတစ်ဝမ်းတည်း ညီညီညွတ်ညွတ် ဖြောင့်ဖြောင့်တန်းတန်း တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းနေကြရန် လိုအပ်ကြောင်း။

အားသွန်ခွန်စိုက်ကြိုးပမ်း

ကျောင်းသူ ကျောင်းသား လူငယ်များကလည်း ပညာရည်မြင့်မားမှုစွမ်းအားကိုအခြေခံပြီး မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားမှုနှင့် ကိုယ်စီကိုယ်စီ၏ ဘဝ တိုးတက်ကြီးပွားမှုတို့ သဟဇာတဖြစ်စွာ ယှဉ်တွဲဖြစ်ထွန်းလာရအောင် မဆုတ်မနစ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် အငြင်းပွားမှုများ၊ သံသယစိတ်များ၊ ဆန့်ကျင်မှုများ၊ မာနနှင့် အာဃာတ တိမ်သလ္လာများဖုံးပြီး အမျိုးသားရေးစွမ်းအားကို အချည်းနှီး ဆုတ်ယုတ်ကုန်ခန်းရမည့်အစား ရိုးသားဖြောင့်မတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံပြီး အပြုသဘောစွမ်းအားကို မြှင့်တင်ပေးရမည့် နိုင်ငံတော်သစ်တည်ဆောက်ရေးကာလလည်း ဖြစ်ကြောင်း။

ယင်းသို့ တစ်မျိုးသားလုံး စိတ်ဝမ်းများ ကွဲပြားမှုမရှိဘဲ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် သန္နိဋ္ဌာန်စိတ်ဓာတ်အပြည့်အဝဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်ကာလဖြစ်သည်နှင့်အညီ ဆရာ ဆရာမများအပါအဝင် ပြည်သူများအားလုံးက အဖျက်သမားများ၏ သွေးခွဲသပ်လျှိုလှုံ့ဆော်မှုဘေးပယောဂများကို ရှောင်ရှားပြီး ပြည်သူ့စွမ်းအားကို ပွားများအောင် မြှင့်တင်ပေးကြမှသာ မိမိတို့မျှော်မှန်းသည့် နိုင်ငံတော်သစ်ကြီးဆီ တည့်တည့်မတ်မတ် လျှောက်လှမ်းနိုင်မှာဖြစ်ကြောင်း။

တွန်းလှန်ဖယ်ရှား

ပြည်သူများ လိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီကို လျှောက်လှမ်းရမည့် အမျိုးသားရေးလမ်းကြောင်းသည်လည်း မိမိတို့ရှေ့မှောက်မှာ ဖြောင့်ဖြောင့်ဖြူးဖြူး ပေါ်လွင်နေပြီဖြစ်သည့်အတွက် ဒီ အမျိုးသားရေးလမ်းကြောင်းတစ်လျှောက် တွေ့ရှိလာမည့် ရန်ဆူးရန်ငြောင့် ခလုတ်ကန်သင်းများကို ပြည်သူများ၏ အပြုသဘောစွမ်းအားဖြင့် တွန်းလှန်ဖယ်ရှားရင်း ရည်မှန်းချက်ပန်းတိုင်ရောက်သည်အထိ ညီညီညွတ်ညွတ် ဖြောင့်ဖြောင့်မတ်မတ် ဆက်လက်လျှောက်လှမ်းသွားကြပါစို့ဟု တိုက်တွန်းပြောကြားလိုကြောင်း။

ဆရာ ဆရာမများအားလုံးကလည်း အမျိုးသားပညာရည်မြင့်မားမှုကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အဓိက အင်္ဂါအစိတ်အပိုင်းတစ်ရပ်အဖြစ်ဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်၏ အနာဂတ်မျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် အဓိက မောင်းနှင်အားတစ်ရပ်အဖြစ်ဖြင့်သော် လည်းကောင်း၊ နိုင်ငံတော်သစ်သို့လျှောက်လှမ်းရာ အမျိုးသားရေး လမ်းစဉ်တစ်လျှောက်မှာ ပြည်သူလူထုကို လမ်းမှန်သို့ညွှန်ပြပေးမည့် မီးရှူးတန်ဆောင်တစ်ခုအဖြစ် ဖြင့်သော်လည်းကောင်း ရှုမြင်ခံယူပြီး တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ကျေကျေပွန်ပွန် တက်တက်ကြွကြွ ပေါင်းစည်းညီညာ ထမ်းရွက်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာ့အလယ်မှာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံ တစ်နိုင်ငံပီသစွာ သိက္ခာသမာဓိရှိရှိ ဖြောင့်မတ်မှန်ကန်စွာရပ်တည်ပြီး နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ တည့်မတ်ခိုင်မာစွာ လျှောက်လှမ်းနိုင်စေရအောင် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် စောင့်ရှောက်မြှင့်တင်ပေးကြပါ၊**
- **အမျိုးသားပညာရည်မြင့်မားမှုနဲ့တကွ မိမိရပ်ရွာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကဏ္ဍရဲ့ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားကြပါ**

ဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၅၁၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ကမ္ဘာ့ မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

(၁-၈-၂၀၀၆ မှ ၇-၈-၂၀၀၆ အထိ)

World Breastfeeding Week)

(1-8-2006 to 7-8-2006)

Code Watch: 25 Years of Protecting Breastfeeding

မိခင်နို့အစားထိုးကြော်ငြာများ၊ တားမြစ်ချက်ရှိသည်သတိထား

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက်က M3 ခန်းမဆောင်၌ ကျင်းပရာ ခြံစည်းရိုးကြက်ဆူပင် ရာနှုန်းပြည့် ကျော်လွန်စိုက်ပျိုးရာတွင် ထူးချွန်စွာ ပထမဆုရရှိသော ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂) စက်မှုဇုန်အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က အမှတ်(၂) စက်မှုဇုန် ဥက္ကဋ္ဌ ဦးအောင်မြင့်အား ဆုချီးမြှင့်စဉ်။ (၄၀၀)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲတွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အရှေ့ဝါယာလက်(၂)လမ်းရှိ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် သိရီမင်္ဂလာ အနန္တဂုဏ်ရည်ငါးထပ်ကျောင်းတော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံ ကျောင်းတိုက် ဦးစီးပဓာန မဟာနာယက ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D)အမှူးပြုသော သံဃာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် စစ်ကိုင်းတောင်ရိုး မဟာသဇ္ဈနောဒယချောင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသဇ္ဈနာဘိဝံသထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားတော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်များအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တာဝန်ရှိသူများနှင့် ပရိသတ်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိပိဋက မဟာဂန္ဓာရုံ ကျောင်းတိုက်၏ တိုက်အုပ်နာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိဓဇ အလှူရှင်စာရင်း အကျဉ်းချုပ်နှင့် လှူဒါန်းမှု အစီအစဉ်များကို ဖတ်ကြား လျှောက်ထားသည်။

ရေစက်ချအမျှဝေ

ယင်းနောက် ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D)ထံမှဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တာဝန်ရှိသူများနှင့် ပရိသတ်များက အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မအူပင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၃၁

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီး အာဇာနည်လမ်းရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဓမ္မာရုံ၌ မအူပင်မြို့နယ်ဖွား ဆရာတော်ကြီး ၁၈ပါးတို့အား သင်္ကန်းနှင့် ဆွမ်းဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။ မအူပင်မြို့နယ်သူ မြို့နယ်သားများ၊ စေတနာရှင်များနှင့် အသင်းဝင်များသည် သင်္ကန်းဒွိစုံနှင့် လှူဖွယ်ဝတ္ထုအစုစုကို အသင်းဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၆၁၁၀၂၆၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်မင်း ဖုန်း-၃၇၁၆၇၂၊ ဘဏ္ဍာရေးမှူး ဦးစိန်ညွန့် ဖုန်း-၂၄၄၅၄၀၊ အထွေထွေအတွင်းရေးမှူး ဦးမြစိုး ဖုန်း-၅၂၇၁၈၂ နှင့် အမှုဆောင်များဖြစ်သည့် ဒေါ်ခင်ခင်ရီ ဖုန်း-၅၁၀၆၂၄၊ ဦးထိုက်စီ ဖုန်း-၀၉၅၀၀၀၈၆၂နှင့်ဦးစိန်မြင့်ဖုန်း-၅၆၅၅၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ

ဒေါက်တာလွင်ကို

နိုင်ငံတော်က ဆေးလိပ်သောက်ခြင်း တားမြစ်ချက်ဥပဒေကို ထုတ်ပြန်လိုက်ကြောင်း ကြားသိရသောအခါ အလွန်ဝမ်းသာမိပါသည်။ ဆေးလိပ်သောက်နေသောသူများသည် အဆိပ်ငွေ့ရှူနေသောသူများ ဖြစ်ကြသည်။ သူတို့သည် ဆေးလိပ်သောက်ခြင်းကို လျှော့ကြ၊ ဖြတ်ကြတော့ မည်ဆိုပါက အောက်ပါရောဂါများ ကင်းဝေးသွား တော့မည်ဖြစ်ရာ လူတစ်ဦးချင်း၊ မိသားတစ်စုချင်းအနေနှင့် စိတ်သောကနှင့် ဒုက္ခလျော့ပါးသွားမည့်အပြင် နိုင်ငံတော်အတွက်၊ နိုင်ငံသားတို့အတွက် ဆေးကုသမှုစရိတ်လျော့ကျပြီး ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။

ဆေးလိပ်အန္တရာယ်(ကျန်းမာရေး)

ဆေးလိပ်သောက်ခြင်းကြောင့် လည်ချောင်းကင်ဆာ၊ ပါးစပ်တွင်း ကင်ဆာများ၊ အသံအိုးကင်ဆာ၊ အစာပို့ပြွန်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ မုံ့ချိုအိပ် ကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာတို့အထိ ဆိုးဆိုးရွားရွား ဖြစ်နိုင်ပါသည်။ အဆုတ်ပြွန်ရောင်ခြင်း၊ အစာအိမ် အနာဖြစ်ခြင်း၊ ပန်းနာ ရင်ကျပ်ဖြစ်ခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ခြင်း၊ အရိုးကျိုး အရိုးပွလွယ်ခြင်း၊ သွေးကြောအတွင်း သွေးခဲလွယ်ခြင်း၊ Stroke ခေါ် ဦးနှောက် သွေးကြောပိတ်ခြင်း၊ ပြတ်ခြင်းကြောင့် ကိုယ်တစ်ခြမ်းသေခြင်း စသည့်ရောဂါများလည်း ဖြစ်ပေါ်တတ်သည်။

ထို့အပြင် ပန်းသေပန်းညှိုးလွယ်ခြင်း၊ အမျိုးသမီးများ သားသမီး မထွန်းကားခြင်း၊ သားပျက်သားလျှောဖြစ်တတ်ခြင်း၊ လမစေ့ဘဲ ကလေးမွေးခြင်း၊ ပေါင်ချိန်မပြည့်သော ကလေးမွေးခြင်း၊ သားအိမ်ပြင်ပ သန္ဓေတည်နိုင်ခြင်းများပင် ဖြစ်နိုင်သည်။

စစ်တမ်းကောက်ယူ လေ့လာချက်များအရ ဆေးလိပ်၊ စီးကရက် တစ်နေ့၁၀လိပ်သောက် သူသည် မသောက်သူထက် ၃၉ဆ နှလုံးရောဂါ ပိုဖြစ်နိုင်ပြီး ဦးနှောက်သွေးကြောပြဿနာ(Stroke)ကြောင့် ဒုက္ခရောက်ရန် ၂၂ဆ ပိုများကြောင်း သိရသည်။

ဆေးလိပ်တစ်လိပ်သောက်တိုင်း ငါးမိနစ်ခွဲခန့် အသက်တိုနိုင်ကြောင်း တွက်ချက်ထားသောကြောင့် တစ်နေ့ကိုစီးကရက် ၄၅လိပ်သောက်သူသည် အသက် ၄၅နှစ် မတိုင်မီတွင် သေဆုံးနိုင်သည်ဟု ဆိုသည်။ အသက် ၄၀ အောက် နှလုံးရောဂါဝေဒနာ ခံစားနေရသူများ၏ ၇၆ရာခိုင်နှုန်းသည် စီးကရက်ကြောင့် ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတွင် ဆေးလိပ်သောက်၍ ဖြစ်သည့်ရောဂါများကြောင့် နှစ်စဉ်လူလေးသန်း သေဆုံးကြရသည်ဟု WHO က ထုတ်ပြန်ထားရာ ရှစ်စက္ကန့်တွင် လူတစ်ယောက် သေဆုံးနေရကြောင်း သိရှိရသည်။

သင့်တွင်ဆေးလိပ်ကြောင့်ဘယ်လောက်အန္တရာယ်ရှိနေပြီလဲ

ဖော်ပြပါဇယားကွက်တွင် ပါဝင်သောမေးခွန်းများကို ဖြေကြည့်၍ ရရှိလာသော အမှတ်များကို ပေါင်းကာ မိမိကျန်းမာရေးအခြေအနေကို ဆန်းစစ်နိုင်ပါသည်။ ရမှတ်သည် ၁၀မှတ်အောက်ဖြစ်ပါက ကျန်းမာရေးကို မထိခိုက်သေးပါ။ ၁၀ မှတ်မှ ၂၅ မှတ်အတွင်းရှိသူများသည် မိမိကိုယ်ကို ရောဂါရရှိအောင် ဆောင်ရွက်နေသူများ ဖြစ်ပါသည်။ ၂၅မှတ်ကျော်သူတို့အတွက်မူ ဆိုဖွယ်ရာ မရှိပါ။ ကင်ဆာရောဂါကြောင့် ၇၀ရာခိုင်နှုန်း၊ အခြားရောဂါကြောင့် ၂၅ ရာခိုင်နှုန်း စုစုပေါင်း ၉၅ ရာခိုင်နှုန်း အသက်အန္တရာယ်ရှိနေပါသည်။

သို့ရာတွင် စိတ်ဓာတ်ကျရန် မဟုတ်ပါ၊ သင်စီးကရက် ဖြတ်လိုက်သည့်နေ့မှစ၍ ထိုအန္တရာယ်များ တဖြည်းဖြည်း လျော့နည်းသွားမည် ဖြစ်သည်။ လက်ငင်းရလဒ်သည် ၈နာရီအတွင်း နီကိုတင်းဓာတ်ခန္ဓာကိုယ်မှ ထက်ဝက်လျော့သွားပြီး ကာဘွန်မိုနောက်ဆိုက်ဓာတ်က ၂၄နာရီမှ ၄၈နာရီအတွင်း ပြယ်ကုန်ပါမည်။

အသက်ရှူချောင်၍ အနံ့နှင့်အရသာ အာရုံခံမှုပိုကောင်းလာကာ ခံတွင်းသန့်ရှင်းပြီး သွားများဖြူလာပါမည်။ ကြာရှည်ရလဒ်မှာ တစ်နှစ်အတွင်း နှလုံးရောဂါဖြစ်နိုင်ခြေ ထက်ဝက်လျော့ကျသွားပြီး ဆေးလိပ်ဖြတ်ပြီး ၁၅နှစ်တွင် သာမန်ဆေးလိပ်မသောက်သူကဲ့သို့ ကျန်းမာရေး အခြေအနေ ကောင်းလာပေမည်။

ဆေးလိပ်ဖြတ်နည်း

ပုံသေသတ်မှတ်ချက် မရှိသေးပါ။ တစ်ဦးနှင့်တစ်ဦး ကွာခြားနိုင်ပါသည်။ သို့သော် အောက်ပါအချက်များက အထောက်အကူပြုနိုင်ပါသည်-

(၁) ဆေးလိပ်ဖြတ်မည်ဟု ယတိပြတ်ဆုံးဖြတ်ပါ။
(၂) ဆေးလိပ်အန္တရာယ်နှင့် ဆိုးကျိုးများကို အကြိမ်ကြိမ် အထပ်ထပ်ဖတ်ပါ။
(၃) ဆေးလိပ်ချင်ခြင်းတပ်လျှင် ရေအဝသောက်လိုက်ပါ။
(၄) ကျွန်ုပ်ဆေးလိပ်ဖြတ်ပြီဟု မိတ်ဆွေများကို ရဲရဲတင်းတင်း ကြေညာလိုက်ပါ။
(၅) ဆေးလိပ်သောက်လေ့ရှိသော အချိန်များတွင် မိမိလေးစားသော ပုဂ္ဂိုလ်နှင့် စကားဆွေးနွေးပါ၊ သို့မဟုတ် ကိုယ်လက်လှုပ်ရှား အားကစားလုပ်ပါ။
(၆) အိမ်တွင်ဆေးလိပ်မထားပါနှင့်၊ ဧည့်သည်ကို ဆေးလိပ်ဖြင့် ဧည့်မခံပါနှင့်။
(၇) အလှူ၊ မင်္ဂလာဆောင်မှ ကမ်းသောဆေးလိပ်ကို မယူပါနှင့်။
(၈) ဆေးလိပ်သောက်သော မိတ်ဆွေအနီးတွင် မထိုင်ပါနှင့်၊ သူလာထိုင်၍ ဆေးလိပ်သောက်လျှင် သင်သိမှတ်ထားသော ဆေးလိပ်အန္တရာယ်အကြောင်း ပြောပြပါ။
(၉) ယခင် သောက်သုံးခဲ့သော ဆေးလိပ်ဖိုးကို နေ့စဉ်၊ အပတ်စဉ် တွက်ကြည့်၍ ထိုငွေပမာဏကို ကုသိုလ်အဖြစ်လုပ်ကာ ထိုကုသိုလ်ကို အထပ်ထပ် ကြည်နူးပါ။
(၁၀) မိမိသောက်လိုက်သော ဆေးလိပ်မီးခိုးငွေ့များသည် မိမိသားသမီး၊ အိမ်သူ၊ မိတ်ဆွေ၊ သူငယ်ချင်းများအား ထိခိုက်မှာ သေချာသည်ဟု စွဲစွဲမြဲမြဲ ခံယူထားပါ။

သင်ဆေးလိပ်ဖြတ်ပါက သင်ကျန်းမာရေးပို၍ ကောင်းလာမည်ဖြစ်ကြောင်း၊ ထွက်ငွေမပြခြင်းသည် ဝင်ငွေတိုးလာခြင်းဖြစ်ကြောင်း၊ သင်၏မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းများကို အန္တရာယ်မပြုတော့ကြောင်း ဆေးလိပ်သောက်နေသူများအား မေတ္တာရပ်ခံ အသိပေး တင်ပြလိုက်ရပါသည်။ ။

၁။	သင်ဆေးတံ၊ဆေးလိပ်၊စီးကရက်သောက်ပါသလား	သောက်ပါသည် (၂)မှတ်	မသောက်ပါ(၀)မှတ်
၂။	(က) ဆေးလိပ်တစ်နေ့တစ်လိပ်မှ လေးလိပ်အထိ	သောက်ပါသည် (၂)မှတ်	။
	(ခ) ဆေးလိပ်တစ်နေ့ငါးလိပ်မှ ကိုးလိပ်အထိ	သောက်ပါသည် (၄)မှတ်	။
	(ဂ) ဆေးလိပ်တစ်နေ့ ၁၀လိပ်အထက်	သောက်ပါသည် (၇)မှတ်	။
၃။	(က) စီးကရက်တစ်လိပ်မှ ငါးလိပ်အထိ	သောက်ပါသည် (၅)မှတ်	။
	(ခ) စီးကရက်ငါးလိပ်မှ ကိုးလိပ်အထိ	သောက်ပါသည် (၁၀)မှတ်	။
	(ဂ) စီးကရက် ၁၀လိပ်မှ ၁၉လိပ်အထိ	သောက်ပါသည် (၁၅)မှတ်	။
	(ဃ) စီးကရက် ၂၀မှ ၃၉လိပ်အထိ	သောက်ပါသည် (၁၈)မှတ်	။
	(င) စီးကရက်တစ်နေ့ ၃၉လိပ်အထက်	သောက်ပါသည် (၂၄)မှတ်	။
၄။	သင်ပုံမှန် ဆေးလိပ်သောက်ခဲ့သည်မှာ မည်မျှကြာပြီလဲ		
	(က) ၁၅-နှစ်အောက်	ဟုတ်ပါသည် (၂)မှတ်	။
	(ခ) ၁၅-နှစ်မှ ၂၅နှစ်ထိ	ဟုတ်ပါသည် (၇)မှတ်	။
	(ဂ) ၂၅ နှစ်မှ ၃၅ထိ	ဟုတ်ပါသည် (၉)မှတ်	။
	(ဃ) ၃၅ နှစ်အထက်	ဟုတ်ပါသည် (၁၃)မှတ်	။
၅။	သင်သောက်သော စီးကရက်သည်ဆေးပြင်း အမျိုးအစားလား။	ဟုတ်ပါသည် (၄)မှတ်	။
၆။	သင်သည် ဆေးလိပ်ကို အစီခံနားကပ်အောင် သောက်လေ့ရှိပါသလား။	ဟုတ်ပါသည် (၇)မှတ်	။
၇။	သင်သည် ဆေးလိပ်သောက်သောအခါ အဆုတ်အတွင်းသို့ ရှိုက်သွင်းလေ့ရှိသလား။	ဟုတ်ပါသည် (၁၀)မှတ်	။

ကမ္ဘာတွင် ဆေးလိပ်သောက်၍ ဖြစ်သည့် ရောဂါများကြောင့် နှစ်စဉ်လူလေးသန်း သေဆုံးကြရသည်ဟု WHO က ထုတ်ပြန်ထားရာ ရှစ်စက္ကန့်တွင် လူတစ်ယောက် သေဆုံးနေ။

ခြင်ဆေးဖျန်း

ဇူလိုင် ၂၃ ရက်က လှိုင်မြို့နယ် အမှတ် (၆) ရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အစီအစဉ်အရ အထက(၁) လှိုင်တွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းလွင်နှင့် ရပ်ကွက်စည်းရုံးရေးမှူး ဦးဌေးကျော်နှင့် အဖွဲ့က ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ကြစဉ်။ (က-ပ)

ကိုးဘွဲ့ရဆရာတော် ဝါခေါင်လ ဓမ္မသဘင်

ရန်ကုန် ဇူလိုင် ၃၁

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်သည် ဝါခေါင်လဆန်း ၈ရက် မွန်းလွဲ ၁နာရီတွင် ရွှေဘိုမြို့ ဆုတောင်းပြည့်ဘုရား၊ ညနေ ၅နာရီ ဆည်းဆာတွင် ရွှေဘိုမြို့ စေတီတော်သာသနာ့ရိပ်သာ မွေးနေ့ တရားပွဲ၊ ည ၈နာရီတွင် ရွှေဘိုမြို့ နေရာဘန်းဘုရား ဥပုသ်ညပွဲ၊ လဆန်း ၁၀ရက်တွင် မုံရွာမြို့ ရွှေတောင်ဦးတောင် တိပိဋကကျောင်းတော် တည်ထောင်ခြင်း တစ်နှစ်ပြည့်ပွဲ၊ ဝါခေါင်လပြည့်နေ့ ညနေ ၃နာရီနှင့် ည၈နာရီတွင် ရွှေဘိုမြို့ ရွှေတန်ဆာဘုရား တရားပွဲနှစ်ပွဲ၊ ဝါခေါင်လပြည့်ကျော် ၁ရက်တွင် ရွှေဘိုမြို့ သက်သာပန်းတောင်းရပ်ကွက် တရားပွဲ၊ လပြည့်ကျော် ၃ရက်တွင် မွေးမယ်တော်ကြီး ဒေါ်ညို၏ အသက် ၇၅နှစ်ပြည့် စိန်ရတုမွေးနေ့ပွဲ၊ လပြည့်ကျော် ၅ရက်နှင့်၆ရက်တွင် ပခုက္ကူမြို့ ကံမရေမျက်အုပ်စုအင်ကြင်းပင်ကျောင်း ဆွမ်းချပွဲ၊ လပြည့်ကျော် ၈ရက်တွင် ရွှေဘို ရွှေတန်ဆာဘုရားညပွဲ၊ လပြည့်ကျော် ၁၀ရက်တွင် စစ်ကိုင်းဆင်မြေရှာ မိုးကြိုးကျောင်း ဆရာတော်ကြီးမွေးနေ့၊ ၁၁ရက်တွင် စစ်ကိုင်းမြို့ နန္ဒဝန်ကွက်သစ် သန္တိသုခမ္မောရုံ တရားပွဲ၊ လပြည့်ကျော် ၁၂ရက်တွင် မြင်းမူမြို့ ဓမ္မမာမကအဖွဲ့ တရားပွဲ၊ လပြည့်ကျော် ၁၃ရက်တွင် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက် ဆွမ်းလောင်းအသင်း တရားပွဲ၊ ဝါခေါင်လကွယ် နေ့ ည ၈ နာရီတွင် ရွှေဘိုရွှေတန်ဆာဘုရား ဓမ္မာရုံတို့၌ တရားတော်များဟောကြားမည်ဖြစ်သည်။ (က-ပ)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်မင်္ဂလာခန်းမ၌ ကျင်းပရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပန်းချီကားချပ်များကို ဒုတိယရဲမှူးကြီး အောင်နိုင်က ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၂၅၉)

ပါကစ္စတန်နိုင်ငံ ထွက်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇူလိုင် ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် ဇူလိုင်၂၉ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မီးရထားဟိုတယ်၌ ကျင်းပသော ပါကစ္စတန်နိုင်ငံထွက်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်သို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဈေးရောင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါကစ္စတန် နိုင်ငံသံရုံးမှ သံအမတ်ကြီး Muhammad Nawaz Chaudhry၊ ဂျပန်နိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံသံရုံးများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သံရုံးမိသားစုဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပါကစ္စတန်သံအမတ်ကြီးက ဈေးရောင်းပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီးနောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ် မောင်မောင်ဆွေနှင့် တာဝန်ရှိသူများသည် ရောင်းချသောပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။**(အောက်ပုံ)**

ထောက်ပံ့ကူညီ

ယနေ့ပြုလုပ်သော ပါကစ္စတန်နိုင်ငံ ထွက်ကုန်ပစ္စည်းများ ဈေးရောင်းပွဲအား နိုင်ငံခြားရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ရောင်းချ၍ရရှိသောငွေများကို ပါကစ္စတန်နိုင်ငံမှ ငလျင်ဘေးဒဏ်ခံရသူများနှင့်မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီ လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ(ချောက်)သည် မြန်မာပြည်၌ ပထမဦးဆုံးတည်ဆောက်သော စက်ရုံဖြစ် သွင်းကုန်အစားထိုးနိုင်သည့်အပြင် နိုင်ငံခြားငွေကုန်ကျမှုသက်သာ

ရန်ကုန် ဇူလိုင် ၃၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မြန်မာ့အထည်အလိပ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်နှင့် တာဝန်ရှိသူများနှင့်အတူ ဇူလိုင်၂၈ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်း ညောင်ဦးမြို့သို့ရောက်ရှိပြီး စက်မှု(၁)ထုတ်ကုန်ပစ္စည်းများ ရောင်းချလျက်ရှိသော ဝင်းသူဇာအရောင်းဆိုင်အား ကြည့်ရှုစစ်ဆေးပြီး ထုတ်ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိရန် စနစ်တကျစီမံကွပ်ကဲသွားရေးမှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲ ၁၂ နာရီခွဲတွင် မကွေးတိုင်း ချောက်မြို့နယ် ရေတွင်းရွာအနီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းက အကောင်အထည်ဖော်လျက်ရှိသော ဟိုက်ဒရိုဂျင်ပါ အောက်ဆိုဒ် စက်ရုံ(ချောက်)သို့ ရောက်ရှိကာ စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာမြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က ဟိုက်ဒရိုဂျင်ပါ အောက်ဆိုဒ် စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဤစက်ရုံသည် မြန်မာပြည်၌ ပထမဦးဆုံး တည်ဆောက်သော စက်ရုံဖြစ်ကြောင်း၊ ယခင်က ဟိုက်ဒရိုဂျင်ပါ အောက်ဆိုဒ်များကို ပြည်ပမှ နိုင်ငံခြားငွေ အကုန်အကျခံ၍ နှစ်စဉ် တင်သွင်းနေရကြောင်း၊ ယခု ဤစက်ရုံဖွင့်နိုင်ခဲ့ပြီဖြစ်၍ သွင်းကုန်အစားထိုးနိုင်သည့်အပြင် နိုင်ငံခြားငွေကုန်ကျမှုလည်း သက်သာသွားပြီဖြစ်ကြောင်း မှာကြားသည်။

ယင်းစက်ရုံမှ ထုတ်လုပ်သော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်သည် စက္ကူပျော့ဖတ်နှင့် ချည်ထည်များအား အရောင်ချွတ်ရန်၊ စွန့်ပစ်ရေ သန့်စင်မှုတွင် သုံးစွဲရန်၊ Vitamin B၊ Injection TB. ဆေး၊ Dexa methasone၊ ဖော့ရောင်ဆေး Cortisone၊ ပိုးသတ်ဆေး Pesticide စသည့် ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုကြောင်း သိရသည်။

အဆင့်မြင့်ကြွေသီးစက်ရုံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်းချောက်မြို့နယ် ချောက်မြို့၏ အနောက်တောင်ဘက် လေးမိုင်အကွာရှိ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းက အကောင်အထည်ဖော်လျက်ရှိသော အဆင့်မြင့်ကြွေသီးစက်ရုံ စီမံကိန်း (ချောက်)သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက စက်ရုံ၏ အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် မကွေးတိုင်း ဆိပ်ဖြူမြို့သို့ ရောက်ရှိပြီး ဝင်းသူဇာအရောင်းဆိုင် (ဆိပ်ဖြူ)၏ ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေ ၅ နာရီတွင် မကွေးတိုင်း ပွင့်ဖြူမြို့သို့ ရောက်ရှိပြီး မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ)၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ မြောက်ဥက္ကလာပမြို့နယ် မြန္မာဈေး၌ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းမှ အများပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ရောင်းချလျက်ရှိသော ဆန် အရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

ပြည်သူများဈေးနှုန်းသက်သာစွာဝယ်ယူစားသုံးနိုင်ရေး ဆန်စပါးကုန်သည်များအသင်းက ဆန်ဆိုင်များဖွင့်လှစ်ရောင်းချ

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၉ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများနှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်သည် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ကိုယ်တိုင် ထုတ်လုပ်သူများ၏ ရန်ကင်းအခွန်လွတ်ဈေးသို့ ရောက်ရှိပြီး ရန်ကင်းအခွန်လွတ်ဈေး၊ တာမွေအခွန်လွတ်ဈေး၊ သာကေတမြို့နယ် ရှုခင်းသာအခွန်လွတ်ဈေး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) အခွန်လွတ်ဈေးများသို့ သွားရောက်၍ ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ်တပ်ရင်းများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် ကိုယ်တိုင် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၏ အရောင်းဆိုင်များမှ ဟင်းသီးဟင်းရွက်၊ သား၊ ငါး၊ ဆန်၊ ဆီ၊ ကြက်ဥ၊ ကုန်ခြောက်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့ဖွင့်လှစ်

ရန်ကုန်မြို့တော်နေ ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းက ဆန်အရောင်းဆိုင်စုစုပေါင်း၁၃ဆိုင် ဖွင့်လှစ်ထားရှိပြီး အဆိုပါဆန်အရောင်းဆိုင်များတွင် ဧည့်မထ(၂၅မှတ်) ဆန်တစ်ပြည်လျှင် ငွေကျပ်၄၀၀နှုန်းဖြင့် မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ပြီး မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက အလားတူ ဆန်အရောင်းဆိုင်များကို ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၌ထပ်မံတိုးချဲ့ဖွင့်လှစ်ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၃၁

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မိသားစု၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ငါးပါးသီလခံယူ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော်ထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ သံဃာတော် အရှင်သူမြတ်တို့အား ဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်း၊ ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ဆရာတော်ဦးအာဒိစ္စဝံသထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယတန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ အောင်တံခွန်က ကြယ်ပွင့်လေးများ(က)ကို အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၃၁

သတင်းမှတ်စုနှင့် ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့်၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းတွင် ကျင်းပရာ အောင်တံခွန်အသင်းက ကြယ်ပွင့်လေးများ(က)အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ **(အောက်ပုံ)** အောင်တံခွန်အသင်းသည် ဒုတိယအဆင့်ပတ်လည်ပြိုင်ပွဲတွင် ကြယ်ပွင့်လေးများ(က)အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ ရှုံးကြွေးကို ပေးဆပ်နိုင်ပြီး ဗိုလ်စွဲခြင်းဖြစ်သည်။

တွင် ထောင့်ကန်ဘောရရှိရာ ယင်းထောင့်ကန်ဘောကို ကျော်ဇင်ထူး ဂိုးရှေ့သို့ ကန်တင်ပေးသည့် ဘောလုံးကို အောင်တံခွန် အလယ်တန်းလူ ပြေးဝင်ခေါင်းတိုက်သွင်းယူ၍ ချေပဂိုးရရှိသွားသည်။ ပထမပိုင်းနှင့် ဒုတိယပိုင်းအပြီးတွင် တစ်ဂိုးစီသရေဖြစ်နေ၍ အချိန်ပိုဆက်ကစားသည်။

အချိန်ပို

အချိန်ပိုပထမပိုင်းတွင် နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် အပြန်အလှန် ဖိကစားရာ အချိန်ပိုပထမပိုင်း ၁၀မိနစ်တွင် အောင်တံခွန်အသင်းအား မြန်မာ့အလင်းကတွေ့ဆုံ၍ ပြိုင်ပွဲအတွေ့အကြုံနှင့် ရည်ရွယ်ချက်ကို မေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။

ဦးခင်မောင်လတ်က "မိမိတို့ကြယ်ပွင့်ကလေးများ အသင်းကို ဒုတိယအဆင့်အုပ်စုတွင်း ပြိုင်ပွဲတွင် ရှုံးထား၍ သတိထားကစားရကြောင်း၊ မိမိတို့ ၄း၄း၂ကို အခြေခံကစားသော်လည်း ပြိုင်ပွဲအခြေအနေကိုကြည့်၍ ကစားကွက်ပြောင်းကစားရကြောင်း၊ မိမိတို့အသင်းအနေဖြင့် ပွဲစဉ်တစ်လျှောက် အားကစားဝန်ကြီးဌာနအသင်းနှင့်ယှဉ်ပြိုင်ရာမှာ အခက်အခဲ

အောင်တံခွန် – သုံးဂိုး။
(မင်းမင်းသိန်း–တစ်ဂိုး၊
ကြယ်ပွင့်လေးများ(က)
အသင်းမှ လက်ျာနှင့်
စိုးမိုးအောင်
ကိုယ့်ဂိုးကိုယ်သွင်းတစ်ဂိုးစီ)
ကြယ်ပွင့်လေးများ(က) – တစ်ဂိုး။
(ဉာဏ်လင်းထူး)

(ဒိုင်လူကြီး – ဦးမြင့်နိုင်)

ပထမပိုင်း ပွဲစလျှင်စချင်း ကြယ်ပွင့်လေးများ(က)အသင်း တိုက်စစ်ဆင်ဖိကစားရာ ၅မိနစ်တွင် ဉာဏ်လင်းထူး ကန်သွင်းယူ၍ ကြယ်ပွင့်လေးများ(က)အသင်းဂိုးစတင်ရရှိသွားသည်။ ပထမပိုင်းအစတွင် အောင်တံခွန်အသင်း အချိတ်အဆက်မမိဘဲရှိနေရာ ၁၅မိနစ်နောက်ပိုင်းမှ အပေးအယူအချိတ်အဆက်မိလာပြီး ချေပဂိုးရရှိရေးအတွက် ဖိကစားရာ ၂၁မိနစ်

အလယ်တန်းလူ ဂိုးရှေ့သို့ ကန်တင်ပို့ရာ ကြယ်တံခွန်နောက်ခံလူ လက်ျာဖျက်ထုတ်ရာ ဂိုးဝင်သွား၍ အောင်တံခွန် ဒုတိယဂိုးရရှိပြီး အချိန်ပို ပထမပိုင်းအပြီးတွင် အောင်တံခွန် နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

ဗိုလ်စွဲ

ဒုတိယပိုင်း၉မိနစ်တွင် အောင်တံခွန် ညာဝင်းရှေ့တန်းမှ ဂိုးရှေ့သို့ အမြောက်ကန်တင်ပို့ရာ ကြယ်ပွင့်လေးများနောက်ခံလူ စိုးမိုးအောင် ဖျက်ထုတ်ရာ ဂိုးဝင်သွား၍ အောင်တံခွန် တတိယဂိုးရရှိသွားသည်။ အချိန်ပို ဒုတိယပိုင်းအပြီးတွင် အောင်တံခွန်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် အောင်တံခွန်အသင်းအုပ်ချုပ်သူ ဦးခင်မောင်လတ် (အောင်တံခွန် သယ်ယူပို့ဆောင်ရေး) ဆုံးနှင့် ပွဲကျပ်တစ်ပွဲအဖြစ် ကစားခဲ့ရကြောင်း၊ ပထမပိုင်းတွင် မိမိတို့ နှစ်ဂိုးပြတ်ရှုံးနေရာမှ ကလေးတွေကို စိတ်ဓာတ်မြှင့်တင်ပေးပြီး ကစားအားမြှင့်ကစားရာ ဒုတိယပိုင်း ၉မိနစ်အတွင်း ချေပဂိုးနှစ်ဂိုးနှင့် အနိုင်တစ်ဂိုးသွင်းယူနိုင်ခဲ့၍ သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အသင်း အဓိကရည်ရွယ်ချက်မှာ ပြည်နယ်နှင့် တိုင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်း ကိုယ်စားပြုယှဉ်ပြိုင်နိုင်ရန် မျိုးဆက်သစ် ပေါ်ထွန်းရန်အတွက် ယှဉ်ပြိုင်ရခြင်း ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

အောင်တံခွန်အသင်းတွင်နည်းပြအဖြစ် ဦးဝင်းမြင့်က ဆောင်ရွက်ပြီး ကစားသမားများမှာ **ဂိုး**–ထွန်းအောင်၊ **နောက်တန်း** – စည်သူမင်း၊ ကျော်ကျော်စိုး၊ ကျော်ဇင်ထူးနှင့် တင်ဝင်း၊ **အလယ်တန်း**–အသင်းခေါင်းဆောင် ရဲလင်းထွန်း (မျိုးကျော်အောင်)၊ သန့်ဇင်ဦး(ဇင်ညီညီအောင်)၊ အောင်သူ (အောင်ဇော်လင်း) နှင့် မင်းမင်းသိန်း၊ **ရှေ့တန်း**–နန်းဝေအောင်နှင့် သက်နိုင်ဝင်းတို့ ပါဝင်ကစားကြသည်။

ကြယ်ပွင့်လေးများ(က) အသင်းတွင် အုပ်ချုပ်သူ ဦးသန့်ဇင်နှင့် နည်းပြအဖြစ် ဦးအောင်ခင်တို့က ဆောင်ရွက်ပြီး ကစားသမားများမှာ **ဂိုး**–ဖြိုးဝေအောင်၊ **နောက်တန်း**–ဝေယံထွန်း၊ သိန်းဝင်း(စိုးမိုးအောင်)၊ နေဝင်းထွန်း (ကောင်းမြတ်ကျော်)နှင့် လက်ျာ၊ **အလယ်တန်း**–ညွန့်လွင်၊ ကျော်ကျော်ဝင်းနှင့် ဝင်းစောနိုင်၊ **ရှေ့တန်း**–ဉာဏ်လင်း(အောင်ထွေး)နှင့်သန်းဇော်လှတို့ ပါဝင်ကစားကြသည်။

ပေးအပ်ချီးမြှင့်

ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ပေးအပ်ချီးမြှင့်ကြသည်။ **(မြန်မာ့အလင်း)**

ဗုဒ္ဓဂယာအေးချမ်းအောင်မြင်ငွေကျောင်းနှင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီအတွက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၃၁

ဗုဒ္ဓဂယာအေးချမ်းအောင်မြင်ငွေကျောင်း သုံးထပ်ဆွမ်းစားဆောင်အတွက်နှင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘက်စုံမွမ်းမံပြုပြင်ခြင်းတို့အတွက် အလှူငွေပေးအပ်ပွဲကို ယမန်နေ့နံနက်၁၀နာရီက တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် နေမျိုးသူရလမ်း အေးချမ်းအောင်မြင်ငွေကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဇနီးဒေါ်ငွေအောင်၊ သားသမက် ဦးချိုနှင့် သားများဖြစ်သော ဦးအောင်ထွန်းခင်၊ ဦးစောရွှေတို့အားရည်စူး၍ ဗိုလ်ကြီးဖိုးသာရွာ ပြည်တော်သာရပ်ကွက် (MM)ရေခဲစက်၊ စစ်တွေမြို့နေ အလှူရှင် ဦးဘသိန်းခင်က ဗုဒ္ဓဂယာအေးချမ်းအောင်မြင်အုတ်ခွက်ဘုရားကြီး သီတင်းသုံးရာ အေးချမ်းအောင်မြင်ငွေကျောင်းအတွက် အလှူငွေ ၃၃၃၃၃၃၃+၁၇ ကျပ်လှူဒါန်းရာ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဂန္ဓနှင့် ညီတော် ဦးဇောတိကတို့ကိုယ်စား အကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသာကျော်အောင်က လက်ခံသည်။ **(အပေါ်ပုံ)**

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘက်စုံမွမ်းမံပြုပြင်ခြင်းအတွက် အလှူငွေကျပ် ၂၅၀၀၀၀ကို လှူဒါန်းရာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ အဝေးရောက်အကျိုးဆောင် ဦးဆန်းက လက်ခံရရှိကြောင်းသိရသည်။ **(က–ပ)**

မူဆယ်ခရိုင် မုံးပေါ်ကျေးရွာ၌ ခြိစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၃၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွုတ်ခိုင်(ပန်ဆိုင်း) မြို့မအတွင်းရှိ မုံးပေါ်ကျေးရွာသို့ ဇူလိုင်၁၅ရက် နံနက်၉နာရီက မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းခိုင်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရွှေ ပါဝင်သော အထူးကုဆရာဝန်ကြီးများ အဖွဲ့တို့သည် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကိစ္စများအား စစ်ဆေးဆောင်ရွက်ရန် ရောက်ရှိကြသည်။

ထို့နောက် မုံးပေါ်ကျေးရွာ တိုက်နယ်ဆေးရုံအတွက် မူဆယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ခြံစည်းရိုးကြက်ဆူပင်များကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မုံးပေါ်၊ မိုင်ဖန်၊ မန်ကျယ်၊ မန်ပိန်ကျေးရွာ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံသို့ လည်းကောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များထံသို့လည်းကောင်း ပေးအပ်ခဲ့ပြီး ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

(ပြန်/ဆက်)

ဘိလိယက်နှင့်စနူကာသရုပ်ပြပွဲ မြစ်ကြီးနားမြို့တွင်ကျင်းပသွားမည်

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာလက်ရွေးစင်အားကစားသမားများ၏ သရုပ်ပြပွဲကို ဩဂုတ်၁၂ရက်မှ ၁၃ရက်အထိ မြစ်ကြီးနားရှိ King ဘိလိယက်နှင့် စနူကာစင်တာတွင် ကျင်းပသွားမည်ဖြစ်သည်။

လိုက်ပါ

အဆိုပါသရုပ်ပြပွဲတွင် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ လက်ရွေးစင်များဖြစ်သည့် ဘိလိယက်အာရှချန်ပီယံ အောင်ဆန်းဦး(စည်ပင်)နှင့် ဘိလိယက်လက်ရွေးစင်ကျော်ဦး(စည်ပင်)နှင့် ပေါက်စ(စည်ပင်)၊ စနူကာလက်ရွေးစင်များဖြစ်သည့် နေသွေးဦး(မထသ)၊ အောင်ဌေး(လယ်/ဆည်)နှင့် ကိုကိုနိုင်(အိုရီယင့်ကလပ်)တို့ ပါဝင်သရုပ်ပြမည်ဖြစ်ပြီး အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မြတ်၊ နည်းပြ ဒေါက်တာမင်းနိုင်နှင့် ဒိုင်ချုပ် ဦးဝင်းမြင့်တို့ လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

ချီးမြှင့်

စနူကာပြိုင်ပွဲကို ဩဂုတ်၁၄ရက်မှ ၁၀ရက်အထိ မြစ်ကြီးနားမြို့ King ဘိလိယက်နှင့် စနူကာစင်တာတွင် ကျင်းပမည်ဖြစ်ရာ ပထမဆုကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းနှင့် တတိယဆု ကျပ်တစ်သိန်း ချီးမြှင့်မည်ဟု သိရသည်။ (မြန်မာ့အလင်း)

မုတ်သုံဖလားအိုးပင်း စစ်တုရင်ပြိုင်ပွဲ ဝင်းဇော်ထွန်းဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် ပထမအကြိမ် မုတ်သုံဖလား အိုးပင်းစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကို ဇူလိုင် ၃၀ရက် ညနေ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ခန်းမတွင် ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝင်းဇော်ထွန်းသည် ကိုးပွဲယှဉ်ပြိုင်ရာ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ (၈)မှတ်ဖြင့် ပထမရရှိသွားသည်။ ဒုတိယ သန်းဝင်း(သစ်တော)၊ တတိယ ပီတာကျော်မိုး (Easy Net)၊ စတုတ္ထ ကျော်လင်းနိုင် (သစ်တော)နှင့် ပဉ္စမ ကျော်ဇင်လတ် (ရန်ကင်း)တို့ ရရှိသွားသည်။

ဆုများကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နာယက ဦးကျော်သန်း **(အောက်ပုံ)**၊ အတွင်းရေးမှူး ဦးသိန်းဒန်ဦးနှင့် အမှုဆောင်များဖြစ်ကြသည့် ဦးကြည်သိန်းနှင့် ဦးကျော်ဇင်တို့က ပေးအပ်ချီးမြှင့်ကြသည်။

(မြန်မာ့အလင်း)

မျက်စိနာရောဂါကာကွယ်ရေး နှိုးဆော်ချက်

မျက်စိနာရောဂါသည် ဘက်တီးရီးယားဗိုင်းရပ်(စ်)၊ ဖန်ဂိုင်၊ ကလမိုင်ဒီးယား၊ ပိုးကူးစက်ခံရခြင်းကြောင့် ဖြစ်ပွားသည်။ မျက်စိနာရောဂါသည် အသက်အရွယ်မရွေး၊ ကလေးလူကြီးအားလုံးတွင် ဖြစ်ပွားနိုင်သည်။ သာမန်အားဖြင့် ကလေးများတွင် ဖြစ်ပွားလေ့ရှိပြီး ၁၀ရက်မှ နှစ်ပတ်အတွင်း အလိုအလျောက် ပျောက်ကင်းနိုင်ပါသည်။ မျက်စိနာရောဂါသည် ရောဂါပိုးပါဝင်သောမျက်ဝတ်နှင့် အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်မိသည့်လက်မှ မျက်စိသို့ တိုက်ရိုက်ကူးစက်နိုင်ပါသည်။

ရောဂါလက္ခဏာများ

မျက်စိနာရောဂါဖြစ်ပွားပါက မျက်စိနီရဲခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ နံနက်အိပ်ရာထချိန်တွင် မျက်ဝတ်ထွက်၍ မျက်စိပိတ်နေခြင်း၊ မျက်စိယားခြင်း၊ အောင့်ခြင်း၊ မျက်ခွံများရောင်ရမ်းပြီး မျက်မြေးလွှာအောက်တွင် သွေးယိုစိမ့်ခြင်းများ ဖြစ်နိုင်ပါသည်။

မျက်စိနာရောဂါပြင်းထန်ပါက ကိုယ်အနည်းငယ်ပူပြီး မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက် ဇက်ထိုးခြင်း၊ လည်ပင်းနှင့် မေးရိုးအောက်ဝန်းကျင်ရှိ အကျိတ်များ ရောင်ရမ်းခြင်း ဖြစ်နိုင်ပါသည်။

မျက်စိနာရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်

* တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
* မျက်စိနာရောဂါဖြစ်ပွားသူ၏ လက်ကိုင်ပဝါ၊ မျက်နှာသုတ်ပဝါ၊ ခေါင်းအုံး၊ အိပ်ရာ၊ ဖောင်တိန်၊ မျက်မှန် စသည်တို့ကို အတူတကွ အသုံးမပြုဘဲ သီးခြားသုံးစွဲပါ။
* မလွှဲမရှောင်သာ၍ ကိုင်တွယ်ထိစပ်မိပါကလည်း ကိုင်တွယ်ပြီးသည်နှင့် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။
* မလိုအပ်ဘဲ မျက်စိကို လက်ဖြင့်ပွတ်ခြင်းမှ ရှောင်ကြဉ်ပါ။
* ရောဂါကာကွယ်စေနိုင်သော ဟင်းသီးဟင်းရွက်၊ အသီးအနှံများနှင့် ဗီတာမင်စီကြွယ်ဝသော အစာအစားများကို စားသုံးပါ။
* မျက်စိနာရောဂါဖြစ်ပွားပါက ဆေးမြီးတိုများဖြင့် မကုသဘဲ တတ်ကျွမ်းနားလည်သည့် ကျန်းမာရေးဝန်ထမ်းနှင့်ပြသ၍ ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့ဖလား၌ မည်သို့ပင်ဖြစ်ခဲ့ကြသော်လည်း စီရိုနယ်ဒိုနှင့်ရွှန်နေတို့ မန်ယူမှာပြန်ဆုံကြပြီ

ရေးသားတင်ပြသူ

မြင့်မောင်စိုး

လန်ဒန် ဇူလိုင် ၃၁

ပေါ်တူဂီလက်ရွေးစင် ဘောလုံးအသင်းမှ တောင်ပံကစားသမား စီရိုနယ်ဒိုသည် ကမ္ဘာ့ဖလားတွင် အင်္ဂလန်တိုက်စစ်မှူး ရွှန်နေနှင့် အဆင်မပြေဖြစ်ခဲ့ပြီးနောက် ဇူလိုင် ၃၁ရက် ညပိုင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းလေ့ကျင့်ရေးကွင်းသို့ ပြန်လာပြီဖြစ်ကြောင်း သိရသည်။

ပြစ်တင်ပြောဆို

အသက် ၂၁နှစ်အရွယ်ရှိ စီရိုနယ်ဒိုသည် ဇူလိုင်၁ရက်က ကမ္ဘာ့ဖလား

ကမ္ဘာ့ဖလားတွင် ဒေါသအရှိန်တက်နေသော စီရိုနယ်ဒို(ဝဲ)နှင့် ရွှန်နေတို့၏ ပုံရိပ်များ။ (ဓာတ်ပုံ-အင်တာနက်)

ကွာတားဖိုင်နယ်တွင် အင်္ဂလန်အသင်းနှင့် ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားရာ၌ ရွှန်နေအား အနီကတ်ဖြင့် ထွက်သွားအောင် ပြစ်တင်ပြောဆိုခဲ့သူအဖြစ် ယူဆခံနေရသည်။

တိုက်တွန်းပြောကြား

ထိုကွာတားဖိုင်နယ်၌ ရွှန်နေက ရီကာဒိုကာဗယ်ဟို၏ ပေါင်ကို တက်နင်းခဲ့သဖြင့် ရွှန်နေအား အရေးယူပေးရန် ဒိုင်လူကြီးဟိုရာစီယိုအယ်လီဇွန်ဒိုအား စီရိုနယ်ဒိုကတိုက်တွန်းပြောကြားခဲ့သည်ဟု သတင်းဖြစ်လျက်ရှိသည်။

အလျှော့မပေး

မန်ယူအသင်း၏ တစ်သင်းတည်းသားများဖြစ်ကြသည့် စီရိုနယ်ဒိုနှင့် ရွှန်နေတို့သည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ တစ်ဦးနှင့်တစ်ဦး ကစားဖော်များဖြစ်ခဲ့သော်လည်း နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ကစားရာတွင် အလျှော့မပေး စတမ်းယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့သော အခြေအနေကြောင့် စီရိုနယ်ဒိုသည် မန်ယူမှ ထွက်ခွာလိုကြောင်း အခိုင်အမာပြောဆိုလာသည့်အပြင် ရီးရဲမက်ဒရစ်သို့လည်း ပြောင်းရွှေ့ရန် အပြင်းအထန်ကြိုးစားခဲ့သည်။

အခိုင်အမာပြောကြား

သို့ရာတွင် မန်နေဂျာကြီး ဖာဂူဆန်က စီရိုနယ်ဒိုအား ရောင်းရန်မဟုတ်၊ ၎င်းကစားသမား၏ အနာဂတ်နှင့်ပတ်သက်၍ အိုးထရက်ဖို့ဒ်တွင် ဆက်လက် နေသွားရန်မှာ သံသယဖြစ်ဖွယ်ရာမရှိကြောင်း အခိုင်အမာပြောကြားလိုက်သည်။

စီရိုနယ်ဒိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် မန်ယူ၏ ကာရင်တန်လေ့ကျင့်ရေးဌာနချုပ်သို့ ပြန်လာခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

မန်ယူနှင့် တော့တင်ဟမ် ကာရစ်ပြောင်းရွှေ့ရေးသဘောတူညီ

လန်ဒန် ဇူလိုင် ၃၁

တော့တင်ဟမ် ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်အား မန်ချက်စတာယူနိုက်တက်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၁၈ဒသမ၆သန်းဖြင့် ကမ်းလှမ်းချက်ကို သဘောတူညီလိုက်ပြီဖြစ်ကြောင်း တော့တင်ဟမ်အသင်းက ထုတ်ဖော်ပြောကြားသည်။

ဆေးစစ်မည်

အသက် ၂၅နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်သည် ဇူလိုင် ၃၁ ရက်နှောင်းပိုင်းတွင် ဆေးစစ်ခံလိမ့်မည်ဖြစ်သည်။

မိုက်ကယ်သည် ဆေးစစ်ပြီးသည်နှင့် စာချုပ်ပါ ချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်း မန်ယူမန်နေဂျာဖာဂူဆန်က ပြောကြားသည်။

ပြောင်းလာ

ကာရစ်သည် လွန်ခဲ့သော နှစ်နှစ်က ဝက်စ်ဟမ်းမှ စပါးအသင်းသို့ ပေါင်၂ဒသမ ၇၅သန်းဖြင့်ပြောင်းလာသူဖြစ်သည်။ **(အင်တာနက်)**

မန်ယူ ကွင်းလယ်ကို မွေ့နောက် ကစားမည့် မိုက်ကယ်ကာရစ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့တစ်လွှား အားကစား

ချယ်လ်ဆီး အသင်းခေါင်းဆောင် ဂျွန်တယ်ရီ အင်္ဂလန်အသင်းခေါင်းဆောင်ဖြစ်ရန် အလေးသာ

လန်ဒန် ဇူလိုင် ၃၁

အင်္ဂလန်အသင်း နောက်တန်းကစားသမား ဂျွန်တယ်ရီသည် အင်္ဂလန်အသင်း၏အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူရန် ရေပန်းစားနေသည်။

လျာထားခဲ့

ချယ်လ်ဆီး နောက်တန်းကစားသမား တယ်ရီနှင့် လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်တို့သည် နည်းပြသစ် မက်ကလာရင်က အင်္ဂလန်အသင်း ခေါင်းဆောင်အဖြစ် ရွေးချယ်ရန် လျာထားခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က ဒေးဗစ်ဘက်ခမ်းအသင်းမှ ထွက်ရသည့် အခါတိုင်း ဂျွန်တယ်ရီသည်အင်္ဂလန်အသင်းခေါင်းဆောင်တာဝန်ကို ယူခဲ့ရသည်။

အိပ်မက်မက်ခဲ့

ထိုမှစပြီး မိမိသည် အင်္ဂလန်အသင်း၏ခေါင်းဆောင်ဖြစ်လာလိမ့်မည်ဟု အိပ်မက် မက်ခဲ့ကြောင်း အသက် ၂၅နှစ်ရှိ ဂျွန်တယ်ရီက ပြောကြားသည်။

ဂျွန်တယ်ရီအား အင်္ဂလန်အသင်း ခေါင်း ဆောင် အဖြစ် လက်ပတ်ကို ဒေးဗစ်ဘက်ခမ်းက ဤသို့ ပတ်ပေးခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ဖလားနှစ်လုံးရယူပေးခဲ့

တယ်ရီသည် ချယ်လ်ဆီးအသင်းအား လွန်ခဲ့သောနှစ်ရာသီက အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူပြီး ဖလားနှစ်လုံး ရယူပေးခဲ့သူ ဖြစ်သည်။

နည်းပြ မက်ကလာရင်က အင်္ဂလန်နှင့် ဂရိအသင်းတို့ ဩဂုတ် ၁၂ရက်တွင်ကစားမည့် ချစ်ကြည်ရေးပွဲအတွက် အသင်းခေါင်းဆောင်ကို ဩဂုတ် ၁ရက်၌ အပြီးသတ်ရွေးချယ်သွားရန် မျှော်လင့်ထားသည်။

(အင်တာနက်)

ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ကမ္ဘာ့ဘောလုံးသတင်းများနှင့် ပတ်သက်သည့် နောက်ဆုံးဖြစ်ရပ်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

ဘရာဇီးနည်းပြဟောင်းပရဲရား တောင်အာဖရိကအသင်းနှင့်စာချုပ်ပြီ

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဘရာဇီးအသင်းနည်းပြ တာဝန်ယူခဲ့သော ကာလို့စ်ပရဲရားသည် ဘရာဇီးအသင်း ကွာတားဖိုင်နယ်မှ ထွက်ခဲ့ရသဖြင့် နည်းပြတာဝန်မှ နုတ်ထွက်ခဲ့ပြီးနောက် ယခုအခါ တောင်အာဖရိက ဘောလုံးအသင်းကို ကိုင်တွယ်ရန် လေးနှစ်စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

၂၀၁၀ပြည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တောင်အာဖရိကနိုင်ငံ၏ ဘောလုံးအသင်းအတွက် ပရဲရားက နည်းပြအဖြစ် တာဝန်ယူလိုက်ပြီဖြစ်သည်။ ပရဲရားနှင့် တွေ့ဆုံပြီး ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဖြစ်ကြောင်း၊ အခက်အခဲတစ်စုံတစ်ရာမရှိကြောင်း၊ အားလုံးအဆင်ပြေကြောင်း တောင်အာဖရိက ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မိုလီဖီအိုလီဖင့်က ပြောကြားသည်။

ယခုအခါ တောင်အာဖရိက ဘောလုံးအသင်းအတွက် ကမ္ဘာ့အဆင့်မီ နည်းပြတစ်ဦးရရှိခဲ့ပြီဖြစ်ကြောင်း၊ တိုးတက်တောင့်တင်းသည့်အသင်းတစ်သင်းအဖြစ် တောင်အာဖရိက အသင်းကို တွေ့မြင်ရတော့မည်ဖြစ်ကြောင်း မစ္စတာအိုလီဖင့်က ပြောကြားသည်။

တောင်အာဖရိကအသင်း၏ ၁၄နှစ်တာ ကာလအတွင်း ဘရာဇီးနည်းပြပရဲရားသည် ၁၄ဦးမြောက် နည်းပြဖြစ်လာတော့မည်ဖြစ်သည်။

အဲရစ်ဆင် လူရွေးချယ်မှုကို လမ်းပတ်ပြစ်တင်ဝေဖန်

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်အသင်း လူရွေးချယ်မှုနှင့် ပတ်သက်ပြီး အဲရစ်ဆင်အပေါ် ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်က ပြစ်တင်ဝေဖန်လိုက်သည်။



အင်္ဂလန်အသင်း တိုက်စစ်မှူးများကို ရွေးချယ်ခေါ်ယူရာတွင် ရွှန်နေ၊ မိုက်ကယ်အိုဝင်၊ သီအိုဝဲလ်ကော့နှင့် ပီတာခရော့ချ်တို့ကို ရွေးချယ်သွားခဲ့ကြောင်း၊ တော့တင်ဟမ်တိုက်စစ်မှူးဒီဖိုးနှင့် ချာလ်တန်တိုက်စစ်မှူး ဒါရင်ဘန့်တို့ကို ချန်ထားခဲ့ကြောင်း၊ ယင်းမှာ အဲရစ်ဆင်မှားယွင်းကြောင်း လမ်းပတ်က ပြောကြားခဲ့သည်။

လူရွေးချယ်မှုမှားယွင်း

ဂျာမနီတွင် ကမ္ဘာ့ဖလားပွဲကစားရာ၌ ရွှန်နေလည်း ဒဏ်ရာရ၊ ပွဲပယ်ခံမှုများနှင့်ကြုံတွေ့ခဲ့သလို မိုက်ကယ်အိုဝင်လည်း ဒူးခေါင်းဒဏ်ရာဖြင့် အင်္ဂလန်ပြန်ခဲ့ရကြောင်း၊ ဝဲလ်ကော့မှာလည်း တစ်ပွဲမျှမကစားခဲ့ရကြောင်း၊ ပီတာခရော့ချ်လည်း အင်အားပြည့်မကစားနိုင်ခဲ့ကြောင်း၊ ယင်းမှာမဖြစ်သင့်ကြောင်း၊ လူရွေးချယ်မှု မှားယွင်းကြောင်း လမ်းပတ်က ဝေဖန်ပြောကြားသည်။

ဂျာမနီတွင်ရှိစဉ် မိမိအကြံပြု စကားဆိုခဲ့သော်လည်း အဲရစ်ဆင် လက်မခံခဲ့ကြောင်း၊ အင်္ဂလန်အသင်းလေ့ကျင့်ရေးလုပ်တိုင်း မိမိ စိတ်မပျော်ရွှင်ခဲ့ကြောင်း၊ ဂျာမိန်းဒီဖိုးသည် ဂိုးသွင်းပါရမီရှင်ဖြစ်ကြောင်း၊ မိမိနှင့်ဝက်စ်ဟမ်းတွင် ကစားခဲ့ဖူးသဖြင့် သိနေကြောင်း လမ်းပတ်က ပြောကြားသည်။

ဂျပန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဆာဘူရိုကာဝါဘူချီအားထပ်မံခန့်

ဂျပန်ဘောလုံးအဖွဲ့ချုပ် (ဂျေအက်ဖ်အေ)ဥက္ကဋ္ဌအဖြစ် ဆာဘူရိုကာဝါဘူချီအား နောက်ထပ်နှစ်နှစ်သက်တမ်းတာဝန်ထပ်မံထမ်းဆောင်ရန် ရွေးချယ်လိုက်ကြောင်း သိရသည်။

အသက် ၆၉နှစ်အရွယ်ရှိ ကာဝါဘူချီသည် ဂျပန်ဘောလုံးအသင်းအတွက် တတိယနှင့် နောက်ဆုံးအကြိမ်အဖြစ် ဂျပန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်မည်ဖြစ်သည်။ ဂျပန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသည် အသက် ၇၀အောက်ရှိသူကိုသာ တာဝန်ပေးရမည်ဟု စည်းကမ်းသတ်မှတ်ထားသည်။

အင်္ဂလန်အသင်းလက်ထောက်နည်းပြတာဝန် အလန်ရှီးယားငြင်းပယ်

အင်္ဂလန်အသင်းအတွက် နည်းပြမက်ကလာရင်၏ အကူနည်းပြအဖြစ် ကမ်းလှမ်းမှုကို အလန်ရှီးယားက

ငြင်းဆိုလိုက်ပြီဖြစ်သည်။ အင်္ဂလန်အသင်းအတွက် အကူနည်းပြတာဝန်ယူရန် ကမ်းလှမ်းမှုကို မိမိဝမ်းသာကြောင်း၊ ဂုဏ်ယူမိကြောင်း၊ သို့သော်လည်း လောလောဆယ်တွင် မိမိဘောလုံးနယ်ပယ်နှင့် ခေတ္တခပ်ဝေးဝေးနေချင်ကြောင်း နယူးကာဆယ် ကစားသမားဟောင်း အလန်ရှီးယားက ပြောကြားသည်။

ပျော်ပျော်ရွှင်ရွှင်နေချင်

အသက် ၃၅နှစ်အရွယ်ရှိ အလန်ရှီးယားသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားပွဲ၌ ဘီဘီစီအားကစား အစီအစဉ်တွင် ဝေဖန်သုံးသပ်သူတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မိမိအနေဖြင့် ဖိအားများသော ဘောလုံးလောကနှင့် ခေတ္တအဆက်အသွယ်ဖြတ်တောက်ပြီး မိသားစုနှင့်အားလပ်ချိန်များတွင် ပျော်ပျော်ရွှင်ရွှင်နေချင်သော ဆန္ဒရှိနေကြောင်း ၎င်းကပြောကြားသည်။

(အင်တာနက်)

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍အများသိစေရန်

သတိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခတ္တာလမ်း၊ အမှတ် ၁၂/ဘီနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးမြင့်ကျော်(အက်စ်အာရ်အမ်-၀၈၆၄၄၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးမြင့်ကျော်(အက်စ်အာရ်အမ်-၀၈၆၄၄၈)သည် အောက်တွင်ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ် တံဆိပ်၊ အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၂၀၀၅ခုနှစ် မှတ်ပုံတင်စာချုပ်အမှတ်(၄/၄၇၀၁)ဖြင့် ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

READY BRAND

မှတ်ပုံတင်အမှတ်-၄/၄၇၀၁/၂၀၀၅

ဦးမိုးမြင့်ကျော်မှ အဆိုပါ ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံးအစရှိသည်တို့တွင် အသုံးပြုသွားမည့်အပြင် ယင်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့်ပင် ငါးသေတ္တာနှင့် အခြားစားသောက်ကုန်အမျိုးမျိုးတို့ကို ထုတ်လုပ်သွားမည်ဖြစ်ပြီး အဆိုပါ ပစ္စည်းအမျိုးမျိုးတို့ ထည့်သွင်းအသုံးပြုသော သံဘူး၊ ပုလင်း၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပုံး၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့၌လည်း ၎င်းကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးပြုလုပ်ပြီး ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ အမည် အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ ကုမ္ပဏီတစ်ခုခု(သို့)အဖွဲ့အစည်းတစ်ခုခုမှဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ တုပပြုလုပ်ခြင်း၊ သုံးစွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ထုတ်လုပ်ခြင်း၊ ကြော်ငြာခြင်း၊ ဖြန့်ချိခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းများ လုံးဝမပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ စာဖြင့်ရေးသားထားသော သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာကို ရယူခြင်းမရှိဘဲ ဤတားမြစ်ကြေညာချက်အား တစ်နည်းနည်းဖြင့် ဖောက်ဖျက်ကျူးလွန်ခဲ့မည်ဆိုပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ မည်သည့် တရားရုံးများတွင်မဆို ပြစ်မှုကြောင်း၊ တရားမကြောင်းများအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်တရားစွဲဆိုသွားမည့်အပြင် မိမိ၏ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ထိုက်တန်သော နစ်နာကြေးများကိုပါ တောင်းခံရယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမေအောင်
B.Sc;R.L;D.B.L
ဥပဒေအကျိုးဆောင်နှင့် ဥပဒေအကြံပေး
အခန်း၉၊ တိုက်အမှတ် ၁၉/၄၃
ဗိုလ်ဆွန်ပက်လမ်း(အောက်)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၁၂၂၁၇၊ ၂၅၂၀၁၄။

နှစ်ဖြတ် အခန်းငှားရန်

အောက်ပုဇွန်တောင်ဈေးလမ်း ၁၉ပေ x၅၅ပေ (မြေညီထပ်-ထပ်ခိုးပါ)၊ ၄၄၀-ပါဝါ၊ Offset လုပ်ငန်းအတွက် သင့်တော်သည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၀၇၃၈၇၊ ၀၂-၃၂၀၃၆၊ ၀၂-၂၆၄၄၃။

ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၂၀၀၆ခုနှစ် ဒဂုံတက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေရေးအတွက် ပုံနှိပ်ထုတ်ဝေရန် စာချုပ်ချုပ်ဆိုလိုပါသောကြောင့် ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ ဈေးနှုန်းလွှာများကို ၉-၈-၂၀၀၆ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ ဒဂုံတက္ကသိုလ်(မြန်မာစာဌာန)သို့ တင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၅၈၅၀၁၄နှင့် ၅၈၅၀၀၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
နှစ်ပတ်လည်မဂ္ဂဇင်းကော်မတီ၊
ဒဂုံတက္ကသိုလ်။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊လူနေရပ်ကွက်အမှတ်(၆)၊မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၇၄)၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကိုပိုင်ဆိုင်သူ ဦးထန်ခိုပေါင် ၅/တမန(နိုင်)၀၀၅၃၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသတန်ဖိုးငွေကို ပေးချေထားပြီးဖြစ်သည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆိုစာရွက်စာတမ်းမူရင်းအထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းထိန် (LL.B)
တရားရုံးချုပ်ရှေ့နေ(စဥ်-၃၆၃၃)
အမှတ် ၄၃၊ သတိပဋ္ဌာန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဓမ္မဒူတအရှင်ဆေကိန္ဒ တရားပွဲ

ရန်ကုန် ဇူလိုင် ၃၁

ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒသည် ဩဂုတ် ၃ရက် (ကြာသပတေးနေ့) ည၇နာရီခွဲတွင် ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အမြန်ပြန်လာပါ

မမြင့်မြင့်မော်(ခ)ကောကော မှတ်ပုံတင်အမှတ် ၁၂/လပတ(နိုင်)၀၀၁၂၈၃ ဖခင်ဖြစ်သူ ဦးတိုက်စံ အသည်းအသန်ဖြစ်နေသည်။ မိသားစုစိတ်ပူနေသည်။ အမြန်ပြန်လာပါ။ မောင်နှမအားလုံးရောက်ရှိနေပါသည်။ အမြန်ဆုံးဆက်သွယ်ပါ။

ကိုကြီး၊ ကိုညီ

ဖုန်း-၀၉-၅၁ ၁၄၂၄၁၊ ၀၉-၅၁ ၆၆၇၁၇၊ ၀၁-၇၀၆၅၇၉။

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် ရွှေစင်ရွှေပြားကပ်လှူရန်နှင့် မသိုးသင်္ကန်း ကပ်လှူရန်အတွက် ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် မဟူရာလမ်း အမှတ် ၃ နေ ဦးရွှေထွန်း-ဒေါ်ညိုညိုမိသားစုက အလှူတော်ငွေ ၁၂၅၂၀၀ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးစိန်ဝင်းတို့ထံ အလှူငွေပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ



မိုးရာသီ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ လှိုင်လင်၌ ကျင်းပ

လှိုင်လင် ဇူလိုင် ၂၇

၂၀၀၆–၂၀၀၇ ခုနှစ် မိုးရာသီကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ဟိုတင့်ရွာအနီး ကွင်းအမှတ်(၁၈) ဦးထွက်စိမ်း၏ လယ်ကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးကြီးတင်ဌေးက ကောက်စိုက် စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းမှာကြားပြီး **(ဝဲပုံ)** မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစဝ်စံဝိုင်းက ပြိုင်ပွဲစည်းကမ်းနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်က ကောက်စိုက်အဖွဲ့များအား ပြိုင်ပွဲတန်းကြိုးများကို ပေးအပ်သည်။

ဖွင့်လှစ်

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ချီးမြှင့်

ထို့နောက် ပြိုင်ပွဲတွင် ဆုရကောက်စိုက်အဖွဲ့များအား နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးတင်ဌေး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်၊ ခရိုင်အတွင်းရေးမှူးဗိုလ်မှူး အေးမောင်ကြည်၊ ခရိုင်အဖွဲ့ဝင်(၁) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဦးအောင်ဌေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ မိုးရာသီကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ပင်လုံမြို့ ပန်မုန့်ကျေးရွာ ကွင်းအမှတ် (၅) ဦးပိုင်(၃၇) ကွင်း၌ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပြိုင်ပွဲတွင် ကောက်စိုက်အဖွဲ့ ခြောက်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုရတောင်ရိုး၊ ဒုတိယဆုရပန်မုန့်နှင့် တတိယဆုရ တွံ့မိုကျေးရွာအုပ်စုတို့အား နယ်မြေခံတပ်နယ်မှူးဗိုလ်မှူးကြီး တင်ဌေးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ရေတာရှည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး ပန်းအလှပြင်၊ စက်ချုပ်နှင့် မုန့်ဖုတ်သင်တန်းများဖွင့်

ရေတာရှည် ဇူလိုင် ၂၃

ရေတာရှည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူးဖွင့်လှစ်သည့် ပန်းအလှပြင်သင်တန်း ၇/၂၀၀၆၊ စက်ချုပ်သင်တန်း ၅/၂၀၀၆ နှင့် မုန့်ဖုတ်သင်တန်း ၇/၂၀၀၆ သင်တန်းဖွင့်ပွဲ အခမ်းအနားများကို ဇူလိုင် ၁၅ရက် နံနက် ၉နာရီက ရေတာရှည်မြို့နယ် ဒိုးတန်းကျေးရွာအုပ်စု အောင်ချမ်းသာစံပြကျေးရွာ အခြေခံပညာတွဲဖက်အထက်တန်းကျောင်း ဘုရင့်နောင်ခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အောင်ချမ်းသာစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သင်တန်းဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းစိန်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး တွဲဖက်အတွင်း ရေးမှူးဒေါ်ကြင်ကြင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်သင်တန်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းများသို့ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လကြာ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် မိခင်/ကလေး)

တိုက်ကြီးမြို့၌ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

တိုက်ကြီး ဇူလိုင် ၇

တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ ပတ်ဝန်းကျင်သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြေယာရှုခင်းအလှပြုပြင်ခြင်း လုပ်ငန်းကို ဇွန် ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ စိုက်ပျိုးကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မော်–သံလမ်း တစ်လျှောက်ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်မှုအခြေအနေကို ဇူလိုင် ၁၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

မြို့နယ်သတင်းများ

မြန်အောင်နေခြည်ဈေး၌ ရေနုတ်မြောင်းများတူးဖော်

မြန်အောင် ဇူလိုင် ၁၇

မြန်အောင်မြို့နေခြည်ဈေးသန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်ဈေးသူဈေးသားများ စုပေါင်း၍ ဈေးအတွင်း ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူခြင်းကို ဇူလိုင်၁၇ရက်က ဆောင်ရွက်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမိုးဟိန်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တက်ရောက်စိုက်ပျိုး

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့်မြောက်ဦးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ရက်က နန်းတော်ကုန်း တတိယထပ်၌ ကျင်းပရာ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသီတာညွန့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့အစည်းများ တက်ရောက် စိုက်ပျိုးကြစဉ်။

(မြို့နယ်အမျိုးသမီးရေးရာ)

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဘိုးဘွားရိပ်သာရှိ ရွှေတည်ရတနာစာကြည့်တိုက်သို့ စာအုပ်ထည့်ရန် ဗီရိုနှင့်သုတ ရသစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင်၂၅ရက်က စာကြည့်တိုက်ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းနှင့် အမှုဆောင်တို့က ဘိုးဘွားရိပ်သာစာကြည့်တိုက်ကြီးကြပ်မှုအဖွဲ့ဝင် ဒေါက်တာခင်အုန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဝ၆၄)

စာကြည့်တိုက်များဖွံ့ဖြိုးရေး မင်းလှ၌ဆွေးနွေး

မင်းလှ ဇူလိုင် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးနှင့် သာယာဝတီခရိုင် ဒုတိယဦးစီးမှူး ဒေါ်ကြင်ကြင်သန်းတို့သည် ဇွန် ၁၉ ရက်က သာယာဝတီခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်းနှင့် နတ်တလင်း မြို့နယ်များရှိ ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကို ကွင်းဆင်းဆောင်ရွက်ကြသည်။

ရှင်သန်ရေး

အလားတူ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ဇွန် ၁၉ ရက်က မင်းလှမြို့နယ်သို့ ရောက်ရှိပြီး ညောင်သုံးပင်ကျေးရွာ ရောင်ခြည်သစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် စိန်ကန့်လန့်ကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများနှင့် တွေ့ဆုံ၍ ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်… နေပြုမြို့ သန့်ရှင်းသာယာလှပရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန်၂၅ရက်က နေပြုမြို့ ၁၀ရပ်ကွက်ရှိ လွတ်လပ်ရေးပန်းခြံတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်ပင်များ ရှင်းလင်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ဝ၈၅)

ရေမြောင်းများ တူးဖော် အမှိုက်များ ရှင်းလင်း

အောင်လံ ဇူလိုင် ၂၀

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးသိန်းဆွေနှင့် ဒုတိယဦးစီးမှူး(သန့်)တို့ ခေါင်းဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ လမ်းဘေးဝဲယာ ရေမြောင်းများတူးဖော်ခြင်းနှင့် ရေမြောင်းအမှိုက်များ ရှင်းလင်းသိမ်းဆည်းခြင်းတို့ကို စုပေါင်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၉ ရက်
၂–၈–၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာဖြေကြားလွှာ)
၁၂:၀၀ ယဉ်ကျေးမှုအနုပညာ(ကာလီဒါသ၏ မိုးတိမ်ကဗျာများ–ဒေါ်စောမုံညင်း)
၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး(ထက်မြက်တင့်တယ်အသက်ငါးဆယ်–ဒေါက်တာမြင့်သန်း–ညောင်လေးပင်)
၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) ဆင့်ရရင့်ငယ်လေ(ပတ်ပျိုး)–စန္ဒရားဘသန်းတင်
(၂) ပိုးမင်းသားစိမ်းဖြူ(ယိုးဒယားသံဆန်း)–စိန်နီလာဝင်း
(၃) ရပ်ကြီးသူတို့(ယိုးဒယား) – မြင်းမူမောင်နိုင်မိုး

ညနေပိုင်း

၁၇:၀၀ မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဆွေးနွေးခန်း
၁၇:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်သူ့စကား
(၂) ဒီတစ်ခါတော့မဝေးချင်တော့ဘူး
(၃) မေတ္တာစမ်းရေ
၁၇:၃၀ အစာနှင့်အာဟာရ(ပြာရည်ထုပ်နှင့်အသားကောက်ညှင်းထုပ်)
၁၇:၄၅ သူ့လက်သံ(အဆို၊အက၊အရေး၊ အတီးဆုရ ရန်ကုန်တိုင်းမှ မောင်ချမ်းဟိန်းထက်အောင်နှင့် မောင်ထက်ကိုကိုလင်းတို့၏ ဂီတာလက်သံ)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) လူတိုင်းအတွက်နာရီငါးဆယ် တရားရှုမှတ်ဖွယ် (ဂန္ထသုခအရှင်ရေဝတ)
(၂) ကျောက်မျက်ရတနာ ဝတ်ဆင်ခြင်းနှင့်အဆောင်ယတြာ (သိန်းပိုင် M Engg Geo)
၁၉:၀၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အချစ်များနှင့်ကမ္ဘာ–၄ တေးစီးရီး)
၂၀:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်သောမောင်
(၂) ဘဝဆက်တိုင်းမဆုံရသည့်တိုင်
(၃) ရွှေလည်တိုင်

သီးနှံများ တစ်သီးမှနှစ်သီး သီးညှပ်စိုက်ပျိုးနိုင်၍ အထွက်စွမ်းအားမြင့်မား ရာသီစိုက်သီးနှံသာ နှစ်ရှည်သီးနှံများ ရေရှည်အကျိုးစီးပွားမျှော်မှန်းစိုက်ပျိုး ဒေသခံပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး တစ်ဆက်တည်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃၁

မကွေးတိုင်း ပခုက္ကူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့ရှိ မြကန်သာအပန်းဖြေဉယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြိုင်မြို့နယ်ရှိ သစ်ကြီးတောဆည်အတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၃၁

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၂၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

NLD ပါတီ၏ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် အဖျက်လုပ်ရပ်များကြောင့် ပါတီအပေါ် ယုံကြည်လေးစားမှုမရှိတော့ စစ်ကိုင်းမြို့နယ် NLD ပါတီဝင်ခြောက်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၃၁

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မာလဲတောကျေးရွာအုပ်စု အုန်နွဲပင်ကျေးရွာမှ ဦးချစ်ဖေ၊ ကျော်ဇေယျာကျေးရွာမှ ဦးညွန့်ရှိန်၊ ဦးဖိုးညဏ်၊ ဦးတင်ရွှေ၊ ဦးစိန်ပိုင်နှင့် မာလဲတောကျေးရွာမှ ဦးထွန်းလှိုင်တို့သည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း ဇူလိုင် ၈ ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်းနုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✡

ဇူလိုင် ၃၀ ရက်က ဖွင့်လှစ်လိုက်သည့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ကစင်ကျေးရွာနှင့် ရွှေလင်ပန်းကျေးရွာအကြားရှိ ရွှေလင်ပန်းချောင်းကို ဖြတ်၍ တပင်ရွှေထီးလမ်းမပေါ်၌ တည်ဆောက်ထားသည့် ရွှေလင်ပန်းတံတားကို ဤသို့တွေ့ရသည်။ (သတင်းအကျယ် စာ–၇) (သတင်းစဉ်)